


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# ရုပ်ရည်ကတော့ ချောပါရဲ့
# အို၊ နာ၊ သေ၊ ကပါနေတယ်

ဟောကြားသည့်နေ့
၂၆-၈-၅၈

၁၈၆

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ရုပ်ရည်ကတော့ချောပါရဲ့ အိုနာသေက ပါနေတယ်

ဟောကြားသည့်နေ့ (၂၆-၈-၅၈)

အကြားအမြင်မရှိတဲ့ ပုထုဇဉ်များ၏. . . တွေးလုံးလို့ မှတ်ထားရမယ်. . . (မှန်ပါဘုရား) တွေးလုံးချပြတာက ဘာပါလိမ့်. . . (အကြားအမြင်မရှိတဲ့ ပုထုဇဉ်များ၏ တွေးလုံးပါဘုရား)။

## အကြားအမြင်မရှိသူတို့၏တွေးလုံး

အကြားအမြင်မရှိသော ပုထုဇဉ်များ၏ တွေးလုံးလို့ မှတ်ထားပါ. . . (မှန်ပါဘုရား). . . အကြားအမြင်မရှိသော

ပုထုဇဉ်များ၏ တွေးလုံးလို့ **ဒီဃနိပါတ်အင်္ဂုတ္တိုရ်** မှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက . . . ဟောတော်မူတယ်. . .။

အဲတော့ ဒီဥစ္စာ. . . ဘယ်လိုအကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်လဲလို့. . . ဒကာ-ဒကာမတွေက အမေးထုတ်လိမ့်မယ် . . . (မှန်ပါဘုရား)။

## ၁။ ရေဘေး

သူတို့ကြုံဖန်ပြီးတွေးကြတယ်တဲ့၊ အမေ မိဖတွေက. . . ဩော်. . . ရေများလွှမ်းမိုးလာလို့ရှိရင်ဖြင့်. . . မိုးတွေသည်းထန်စွာ ရွာပြီးသကာလ. . . ရေတွေထဲမျောပါများသွားမယ်. . . ဆိုလို့ရှိရင်ဖြင့်. . .၊ အမေအဖေကလည်း သားသမီးမကယ်နိုင် . . . သားသမီးကလည်း အမေအဖေမကယ်နိုင် . . . ဩော် ဒီဥစ္စာလည်း ဒုက္ခပဲလို့ အကြားအမြင် မရှိတော့ ဒီလိုတွေးလေ့ ရှိတယ်၊ . . . (မှန်ပါဘုရား)။

ဒီအတွေးကော မတွေးတတ်ပေဘူးလား. . . (တွေး တတ်ပါတယ်ဘုရား)။

## ၂။ မီးဘေး

ကောင်းပြီ. . . ဒါက ရေဘေးသင့်လို့ တွေးတယ်ပေါ့ဗျာ . . . (မှန်လှပါ)။ အဲ. . . မီးတွေတစ်မြို့လုံးလောင်ပြီး သကာလ

. . . လာပြန်လို့ ရှိရင်လည်း ဟိုကဝိုင်း. . . ဒီကဝိုင်းနဲ့. . ဆိုလို့ရှိရင်ဖြင့်. . .၊ အမေ အဖေကလည်း သားသမီးမကယ်နိုင်၊ သားသမီးကလည်း အမေအဖေ မကယ်နိုင်ဘူး၊ . . . အဲဒီလို ဒုက္ခများတွေ့ရမှာ၊ အလွန်ကြောက်စရာကောင်းတာပဲလို့. . .၊ အကြားအမြင်မရှိသော ပုထုဇဉ်ပုဂ္ဂိုလ်များက. . . မီးဘေးနဲ့ ပတ်သက်လို့တွေးလုံးထုတ်ပြန်သတဲ့. . . (မှန်လှပါဘုရား)။

## ၃။ သူပုန်ဘေး

တစ်ခါ. . . သုံးနံပါတ်က. . . အကြားအမြင်မရှိတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်များက. . .၊ သူပုန်တွေက မြို့မှာ လုကြမယ် ယက်ကြမယ်. . . ဆိုရင်ဖြင့်. . .၊ သားနဲ့. . သမီးနဲ့ တကွဲတပြားစီ ပြေးကြ လွှားကြ၊ သူ့ငါမကယ်နိုင်. . .၊ ငါ့သူမကယ်နိုင်၊ အင်း-ဒီလိုဖြစ်ရမှာလည်း. . . ကြောက်စရာကြီးပါပဲ၊ မကယ်နိုင်တဲ့အလုပ်တွေကလည်း တယ်များပါလားလို့ တွေးလေ့ရှိတယ်နော် . . . (မှန်လှပါဘုရား)။

ရေဘေးနဲ့ တစ်ချက်တွေးလိုက်တယ်. . . (မှန်လှပါဘုရား) မီးဘေးကော. . . (တွေးပါတယ်ဘုရား) အေး သူပုန်ဘေးတွေနဲ့ကော. . . (တွေးလိုက်ပါတယ်ဘုရား)။

ဒါအကြားအမြင်မရှိတဲ့ ပုထုဇဉ်များ၏ တွေးလုံးတဲ့. . . ဒကာကြွယ်ရေ၊ ဒီတွေးလုံးဆိုပါလား. . . (မှန်လှပါဘုရား)

အကြားအမြင်မရှိသော ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ တွေးလုံးလို့ မှတ်လိုက်စမ်းပါ. . . (မှန်လှပါဘုရား)။

အဲတော့-ငါဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောလိုက်ပါတယ်ကွာ၊ မင်းတို့ ရဲဘေးသင့်တယ် ဆိုပေမယ့်လည်း ကံကောင်း အကြောင်းသင့်ရင်၊ အမေအဖေနဲ့ သားသမီးများဟာ တစ်နေရာရာတွင်နေပြီး တွေ့နိုင်သေးတာပဲ. . . (မှန်လှပါဘုရား)။

## ပြန်ပြီးတွေ့နိုင်သေးတယ်

တွေ့ကြသေးတယ်ကွတဲ့ ကံကောင်းအကြောင်းသင့်တဲ့ အခါ. . . သဘောကျပလား. . . (ကျပါပြီဘုရား) မီးဘေးသင့်တော့လည်း ထို့အတူပဲတဲ့. . . ပြေးကြ၊ လွှားကြ၊ တကွဲတပြားစီဒီနေကြပြားသော်လည်းတဲ့. . .၊ ကံကောင်း အကြောင်းသင့်လို့ရှိရင်ဖြင့်၊ အမေနဲ့သားသမီး၊ အဖေနဲ့သားသမီး တွေ့နိုင်သေးတယ်ကွ. . . (မှန်လှပါဘုရား)။

အဲတော့ သူပုန်တွက မြို့ထဲလုကြယက်ကြ. . . ခုတ်ကြထစ်ကြ၊ ဒီကဲ့သို့ရှိပြားသော်လည်း၊ အင်း-ကိုယ်လမ်းပေါက် ကိုယ်ဦးတည့်ရာ ပြေးကြပြားသော်လည်း၊ ကံကောင်းအကြောင်းသင့်တဲ့ အခါကျလို့ရှိရင်ဖြင့် ဒကာသိုက်. . . တွေ့နိုင်သေးတယ် . . . (မှန်လှပါဘုရား)။

## တွေ့နိုင်တာသုံးမျိုး

တွေ့နိုင်တာ ဘယ်နှစ်မျိုးပါလိမ့်. . . (သုံးမျိုးပါဘုရား) မီးဘေးသင့်လည်းတွေ့နိုင်တယ်ပေါ့ဗျာ. . . (မှန်လှပါဘုရား) ရေဘေးသင့်လည်း. . . (တွေ့နိုင်ပါတယ်ဘုရား) ကံကောင်း အကြောင်းသင့်လို့ရှိရင်ပေါ့ဗျာ။

အင်း-သူခိုး ဓါးပြဘေးတွေ့ရင်ကော. . . (တွေ့နိုင် ပါတယ်ဘုရား) အကုန်တွေ့နိုင်တာပဲတဲ့၊ အဲဒါ အကြားအမြင် မရှိတဲ့ ပုထုဇဉ်တို့၏ တွေးလုံးလို့ မှတ်လိုက်စမ်းပါ. . . (မှန်လှပါ ဘုရား)။

သေသေချာချာ ငါဘုရားရှင်ကိုယ်တော်မြတ်ကြီးက အမေက၊ သားသမီးမကယ်နိုင်၊ သားသမီးက အမေမကယ်နိုင် ဆိုတဲ့၊ တွေးလုံးအစစ်ကိုတော့ သူတို့က မရောက်ကြဘူးပေါ့ . . . (မှန်လှပါဘုရား)။

တွေးလုံးအစစ်က မရောက်ဘူးတဲ့. . . (မှန်ပါဘုရား) ဒကာ ဒကာမတို့. . . တွေးလုံးအစစ်တော့ ဒကာ ဒကာမတွေက မရောက်ဘူးဆိုပါလား. . . (မှန်လှပါဘုရား)။

မရောက်ခဲ့ဘူးတဲ့ ဒကာသိုက်ရေ၊ တွေးလုံးအစစ်ကို တွေးစေချင်တယ် ဘုရားက. . . (မှန်လှပါဘုရား)။

## တွေးလုံးအစစ်ကဘာပါလိမ့်

တွေးလုံးအစစ်က ဘာပါလိမ့်မလဲလို့ ဒကာ ဒကာမတွေက မေးလို့ရှိရင် ဘုရားက ဟောရှာတယ်. . .၊ သားအိုလာတာ အမေ့ရှေ့မှောက်တွင်ကော. . .(မတတ် နိုင်ဘူးဘုရား) ဩော် အဲဒါ တွေးစေချင်တယ်. . .(မှန်ပါဘုရား)။

ဘာတွေးစေချင်တဲ့တုံး ဒကာ ဒကာမတွေ သားအိုတာ အမေ့ရှေ့မှောက်ပဲ. . .(မှန်လှပါဘုရား) တက်နိုင်ကြရဲ့လား . . .(မတတ်နိုင်ပါဘူးဘုရား) အမေအိုလာတော့လည်း သားရှေ့မှောက်ပဲ. . .(မှန်ပါ) အဲဒါ တွေးစေချင်တယ်ကွဆိုတော့ သစ္စာတွေးစေချင်တယ်လို့ ဒကာကြွယ်ပြောလိုက်တာ. . . (မှန်လှပါဘုရား)။

## သစ္စာတွေးစေချင်တာ

ဘာတွေးစေချင်တာပါလိမ့်. . . (သစ္စာတွေးစေချင်တာပါဘုရား) သစ္စာတွေးစေချင်တယ်. . ဒါကတော့. . အပာုတ်ကို ကံကောင်းအကြောင်းသင့်လို့ ကယ်နိုင်တာပါသေးလား. . . (မပါပါဘူးဘုရား) ဒါဟာက သာကြောက်စရာကောင်းပါလား ဒကာ ဒကာမတို့. . .(မှန်ပါဘုရား)။

ဒါက ကံကောင်းအကြောင်းသင့်ဆိုတဲ့ ချွင်းချက်ပါသေးလား. . .(မပါပါဘူးဘုရား) သဘောကျကြပလား. . .(ကျပါပြီဘုရား)။

နာတာလာတဲ့ အခါကျလို့ရှိရင်လည်းတဲ့. . .၊ အနာ ပေါက်ရောက်ပြီးသကာလ လာလို့ရှိရင်လည်း၊ အမေအဖေက သားသမီး ကယ်ချင်ပြောသော်လည်း ဘယ့်နဲ့နေတုံး မေးရုံမှ တစ်ပါး ဘာမှ မတတ်နိုင်ပါဘူး. . . (မှန်ပါဘုရား)။

ဘယ်ဆေးလိမ်းပါ့လား၊ ဘယ်ဟာ သောက်ပါ့လား၊ မှတစ်ပါးလည်း ဒကာကြွယ် ဘာရှိသေးတုံး. . . (ဘာမှ မရှိပါဘူးဘုရား) တတ်နိုင်သေးရဲ့လား. . . (မတတ်နိုင်ပါဘူးဘုရား)။

အင်း. . . အမေအဖေ အနာတွေ ပေါက်လာလို့ရှိရင်လည်း၊ သားတွေ သမီးတွေက ခင်ပါတယ် မင်ပါတယ်. . ယုယပါတယ်၊ အမေအဖေကို အိမ်ဦးခန်းမှာ ဘုရားတစ်ဆူ ဂူတစ်လုံးမျှ ထားပါတယ် ဆိုပြောသော်လည်း၊ သူတို့ တတ်နိုင်ကြရဲ့လား . . . (မတတ်နိုင်ပါဘူးဘုရား)။

## အသိအမြင်ရှိသူတို့၏တွေးလုံး

အဲတော့ အဲဒီ ဗျာဓိဆိုတဲ့ အနာနှိပ်စက်တဲ့ ဒုက္ခသစ္စာတွေဟာတဲ့ မှန်တဲ့တရားဖြစ်နေသောကြောင့်၊ ဘယ်သူ့ဘယ်သူမှ မကယ်နိုင်လို့ တွေးချင်းတွေးရင် အဲဒါမှ အသိအမြင်ရှိတဲ့ ပုဂ္ဂိုလ်၏တွေးလုံး. . . (မှန်လှပါဘုရား) သဘောပါပြီလား. . . (ပါပါပြီဘုရား)။

ဘယ်ပုဂ္ဂိုလ်၏တွေးလုံးပါလိမ့်. . . (အသိအမြင်ရှိတဲ့ ပုဂ္ဂိုလ်၏တွေးလုံးပါဘုရား)။

ကောင်းပြီ. . တစ်ခါ. . အမေအဖေက အသက်ကြီး၍ သေတဲ့အခါ၊ သားသမီးများက တတ်နိုင်ကြရဲ့လား . . . (မတတ်နိုင်ကြပါဘူးဘုရား) အမေအဖေမှာ သားသမီးတွေက ငယ်ရွယ်စဉ်မှာပဲ သေကြ၊ ကြေကြတာလည်း အမေအဖေတွေ ကတော့ တတ်နိုင်ကြရဲ့လား. . . (မတတ်နိုင်ကြပါဘူးဘုရား)။

## ပုထုဇဉ်တွေ အတွေးချော်နေတယ်

အင်း. . . ဒါဖြင့် မရဏမီး ဒုက္ခသစ္စာကျတော့ ဒကာ ဒကာမတွေ သိပြီးသားအတိုင်း. . . ဘယ်သူ့ကိုဘယ်သူက ကယ်နိုင်သေးတယ်ဆိုတာ ရှိပါသေးရဲ့လား. . . (မရှိပါဘူး ဘုရား) အဲဒါတွေးရမှာကွ အတွေးက၊ ပုထုဇဉ်တွေက ချော်နေ တယ်. . . (မှန်ပါ) သဘောကျပလား. . . (ကျပါပြီဘုရား) အတွေးချော်နေတာကော ပေါ်ပြီလား. . . (ပေါ်ပါပြီဘုရား)။

## အိုဘေး၊ နာဘေး၊ သေဘေး

အင်း. . . အိုဘေးဆိုတာ သူ့လည်း ငါမကယ်နိုင်၊ ငါ့လည်းသူမကယ်နိုင်ပါလားလို့ တွေးပါတယ်. . . (မှန်လှပါ ဘုရား) နာဘေးကိုလည်း သူ့လည်းငါမကယ်နိုင် ငါ့လည်း

သူမကယ်နိုင်ပါလားလို့ တွေးရမယ်၊ သေဘေးကလည်း အမေ အဖေကလည်း သားသမီးမကယ်နိုင်၊ သားသမီးကလည်း အမေ အဖေမကယ်နိုင်ဘူးလို့ တွေးရမယ်. . . (မှန်ပါဘုရား) သဘော ကျပလား. . . (ကျပါပြီဘုရား)

အဲဒီကဲ့သို့ တွေးလိုက်လို့ရှိရင်ဖြင့် သစ္စာဆိုက်တဲ့ တွေးလုံး ဖြစ်သောကြောင့် သူသည် ဉာဏ်ထက်လာပြီး သကာလ. . ကယ်နိုင်ရာလမ်းကြောင်း ကယ်နိုင်ရာအကျင့်ဆိုတာ သူကြံဖန် လာလိမ့်မယ်. . . (မှန်ပါဘုရား)။

ခုတော့. . လိုရင်းဖြစ်တာကိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မတွေးဘဲနဲ့. . . ၊ ခုနက ကံကောင်းအကြောင်း သင့်လို့ ကယ်နိုင် ယူနိုင်တဲ့. . မီးဘေးတို့ ရေဘေးတို့ သူခိုး ဓါးပြ သူပုန်ဘေးတို့. . ဒါတွေကိုသာလျှင်. . တွေ့မှာကြောက်ပြီး သကာလ နေတယ်. . . (မှန်ပါဘုရား)။

## အတွေးပြောင်းကြပါဦး

တကယ်မကယ်နိုင်တာကိုတော့ မတွေးမိဘူး. . . (မှန်လှပါဘုရား) နောက်အတွေးပြောင်းကြပါဦးလို့ သတိပေး လိုက်ပါတယ်. . . (မှန်ပါ) ဘယ်လိုသတိပေးရမယ် . . . (အတွေးပြောင်း ကြပါဦးလို့ သတိပေးရပါမယ်ဘုရား) အတွေး ပြောင်းကြပါဦး ဒကာ ဒကာမတို့၊ ဘယ်လိုတွေးကြရမယ်၊ အေး

ဘယ်သူ့ ဘယ်သူမှ မကယ်နိုင်တဲ့. . . အိုဘေး၊ နာဘေး၊ သေဘေးတွေကို၊ သားကလည်း အမေအဖေမကယ်နိုင်၊ အမေအဖေကလည်း သားသမီး မကယ်နိုင်ဆိုတဲ့၊ အဲဒီတွေးလုံးကို တွေးစေချင်တယ်ကွာ. . . (မှန်လှပါဘုရား)။

ကံကောင်းအကြောင်းသင့်ပြီး သကာလ ဖြစ်မယ့်. . . ဥစ္စာတွေသာ လျှောက်တွေးနေတယ်. . ၊ တကယ့်သစ္စာဆိုက်တာကို မတွေးမိဘူးလို့ ဘုရားက အပြစ်တင်လိုက်တယ်. . . (မှန်လှပါဘုရား) သဘောကျကြပလား။

ဒါဖြင့် ဒကာ ဒကာမတို့ နောက်တွေးတတ်ကြပလား၊ သားသမီးကလည်း အမေ့မကယ်နိုင်. . . အမေကလည်း သားသမီးမကယ်နိုင်ဆိုတဲ့ ဗျာဓိဒုက္ခရောက်လာရင်ဖြင့်၊ ဘယ်သူ့ဘယ်သူမှ မကယ်နိုင်ကြဘူးဆိုတာ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)။

အင်းသားသမီးကလည်း အမေအဖေမကယ်နိုင်၊ အမေအဖေကလည်း သားသမီးမကယ်နိုင်၊ ခင်ပွန်းမကလည်း ခင်ပွန်းယောကျ်ားကို မကယ်နိုင်ဆိုတဲ့ နာဘေးသင့်လာရင်တော့ မကယ်နိုင်ဘူးဆိုတာ ပေါ်လာကြပလား. . . (ပေါ်ပါပြီဘုရား)။

သို့သော် ဒကာ ဒကာမတွေက အထင်လွဲပြီးသကာလ၊ ဒီတစ်ခါ ကျုပ်ကယ်လိုက်ရတယ်ဆိုတာ. . ပြောချင် ပြောမှာ . . . (မှန်လှပါဘုရား) တကယ်သေမယ့် ဝေဒနာဖြင့် ဘယ်သူကယ် ကယ်ဗျာ. . . (မရပါဘူးဘုရား)။

နောက်ဆုံးပိတ်ကော ဒီလိုချည့်ကယ်ခဲ့တာ ရသေးရဲ့လား. . . (မရပါဘူးဘုရား) အဲဒီ မရတာတွေက ရှိပြီးသကာလနေတော့၊ ဒါတွေသာ ဒကာ ဒကာမတွေက တွေးလုံးထုတ်လို့ရှိရင်ဖြင့်၊ ဒကာကြွယ်ရေ သစ္စာတွေးလုံးဆိုပါတယ်. . . (မှန်လှပါဘုရား) သဘောပါကြပလား. . . (ပါပါပြီဘုရား)။

ဘာတွေးလုံးတဲ့တုံး. . . (သစ္စာတွေးလုံးပါဘုရား) သစ္စာသိတော့သံသရာက ပြတ်မှာကိုဗျ. . . (မှန်လှပါဘုရား) အဲတော့သစ္စာတွေးလုံးကို တွေးကြပါလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သတိပေးလိုက်တယ်. . . (မှန်ပါ)။

## မကယ်နိုင်တဲ့တရားသုံးမျိုး

အဲတော့ကိုတဲ့ ဒီနေ့ဟောရမယ့်တရားက ဒကာဒကာမတို့ သိပြီးသားအတိုင်း မကယ်နိုင်တဲ့ တရားသုံးမျိုးကောသိကြပလား. . . (သိပါပြီဘုရား)။

အိုဘေးကို မကယ်နိုင်ဘူး၊ နာဘေးကို . . . (မကယ်နိုင်ဘူးဘုရား) သေဘေးကို (မကယ်နိုင်ဘူးဘုရား) သားသမီးကအမေမိဘကော. . . (မကယ်နိုင်ပါဘူးဘုရား) ဒါဖြင့် ဘယ်သူ့ဘယ်သူမှ မကယ်နိုင်ဘူးဆိုတာ ဒကာကြွယ်ပေါ်ရောပေါ့. . . (ပေါ်ပါပြီဘုရား) ဦးလှဘူး မပေါ်သေးဘူးလား. . . (ပေါ်ပါပြီဘုရား)။

## ဘုတ်ထိုင် ထိုင်ပြီးဉာဏ်တုံးမနေနဲ့

ပေါ်တော့ကိုကွာ. . . မင်းတို့သည်. . ဒီအတိုင်း ဘုတ်ထိုင် ထိုင်ပြီးသကာလ၊ ဩော်. . . ဒီဉစ္စာ သစ္စာတရားတွေ. . . "ဗျာဓိပိဒုက္ခသစ္စံ" "ဇရာပိဒုက္ခသစ္စံ" "မရဏမ္ပိဒုက္ခသစ္စံ" မို့ သစ္စာဆိုတာ. . . အမှန်ဖြစ်တာ. . .၊ ဘယ်သူ့ဘယ်သူမှ မကယ်နိုင်ဘူး ဘုတ်ထိုင် ထိုင်ပြီးသကာလ ဉာဏ်တုံးမနေ လိုက်ပါနဲ့လို့ ဒကာသိုက်ရေ ဘုရားက မှာတော်မူပြန်တယ်. . .၊ ဘုတ်ထိုင် ထိုင်ပြီးဘာတဲ့. . . (ဉာဏ်တုံးမနေလိုက်ပါနဲ့)။

ရှိတယ်ကွတဲ့. . . ကယ်နိုင်တဲ့လမ်းကြောင်း၊ ကယ်နိုင်တဲ့အကျင့်ရှိတယ်. . . (မှန်လှပါဘုရား) အမေက သားသမီးကယ်နိုင်တဲ့လမ်းကြောင်း၊ ကယ်နိုင်တဲ့အကျင့်. . . ရှိတယ်တဲ့ ဒကာ ဒကာမတို့. . . (မှန်ပါဘုရား)။

## ကယ်နိုင်တဲ့အကျင့်ရှိပါတယ်

ဘာရှိသတဲ့တုံးဗျာ. . . (အမေက သားသမီးကယ်နိုင်တဲ့လမ်းကြောင်းအကျင့်ပါဘုရား) ကယ်နိုင်တဲ့လမ်းကြောင်း ကယ်နိုင်တဲ့အကျင့် . . . (မှန်ပါဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား) ကယ်နိုင်တဲ့ လမ်းကြောင့်နဲ့ ကယ်နိုင်တဲ့ အကျင့်ရှိပါတယ်လို့ဆိုတာ ဒကာ ဒကာမတွေ ယခုတရားထူးကြားရပြီမဟုတ်လား. . . (မှန်ပါဘုရား)။

နဂိုတုန်းက မှတ်ထားတာကတော့ အိုတာ ဘယ်သူမှ မတတ်နိုင်၊ သားကလည်း အမေမကယ်နိုင်၊ အမေကလည်း သား မတတ်နိုင်၊ နာတာကိုလည်း သားက အမေမတတ်နိုင်၊ အမေက လည်း သူတို့၏ အပေါ်၌ ဘယ်လိုမှ မတတ်နိုင်ဘူး၊ သေသွားပြန် လို့ရှိရင်လည်း ဘယ်သူ့ဘယ်သူမှ တားမရဘူးဆိုတာ၊ ကျုပ်တို့ သည်က ဆိုလို့ရှိရင်ဖြင့် သစ္စာတစ်ပါးတည်းသိနေတဲ့အတွက်၊ ဒါဟာ နစ်နာမှု ဘုတ်ထိုင် ထိုင်နေတာပဲ. . . (မှန်လှပါဘုရား)။

ဘာတဲ့တုံး. . . (နစ်နာမှု ဘုတ်ထိုင် ထိုင်လိုက်တာပဲ) အေး ဒုက္ခသစ္စာတစ်ပါးပဲ သိနေလို့ ဒကာကြွယ်ရ. . . (မှန်လှပါ ဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား) အင်း မဂ္ဂသစ္စာ များ သိလိုက်မယ်ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ အမေကလည်း သားသမီးကယ်နိုင်. . . သားသမီးကလည်း. . . (အမေကယ်ပါ တယ်ဘုရား)။

အင်း. . . ဒါဖြင့် သစ္စာတစ်ပါးတည်းသိနေပြန်လို့ရှိရင် လည်း စိတ်ညှိုးငယ်ပြီး ချောက်ကျနေတဲ့ အမိပွါယ်ရောက်တယ် . . . (မှန်ပါဘုရား)သဘောပါပလား. . . (ပါပါပြီ ဘုရား)။

## ဒီအတိုင်းနေလို့တော့မဖြစ်ဘူး

ဒါဖြင့် သစ္စာလည်း ဒကာ ဒကာမတို့ အစုံသိမှပဲ. . ၊ ဒကာကြွယ်တို့ ဦးလှဘူးတို့ ကိစ္စပြီးမှာပေါ့ဗျာ. . . (မှန်လှပါ

ဘုရား) ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ အမေကလည်း သားမ ကယ်နိုင်၊ သားကလည်း အမေမကယ်နိုင်၊ အိုဘေး၊ နာဘေး၊ သေဘေးတွေက ဘယ်သူ့ ဘယ်သူမှ မတတ်နိုင်တော့ဘူးဆိုပြီး သကာလ. . .၊ ဒီအတိုင်းထိုင်နေလို့တော့ မဖြစ်ဘူးဗျ. . . (မှန် လှပါဘုရား)။

ဒကာသိုက်ရေ ဘာတဲ့တုံး. . . (ဒီအတိုင်းထိုင်နေလို့ တော့မဖြစ်ပါဘူးဘုရား) အဲဒီတော့ ခင်ဗျားတို့ ဆရာဘုန်းကြီးက သတိပေးလိုက်ပါတယ်၊ မဂ္ဂသစ္စာဆိုတဲ့ လမ်းမတော်ကြီး၊ မဂ္ဂသစ္စာဆိုတဲ့ အကျင့်ကောင်းကြီး၊ ဒကာသိုက် ဘာတဲ့တုံး . . . (မဂ္ဂသစ္စာဆိုတဲ့ လမ်းမတော်ကြီး၊ မဂ္ဂသစ္စာဆိုတဲ့ အကျင့် ကောင်းကြီးပါဘုရား)။

## မဂ္ဂသစ္စာအကျင့်

မဂ္ဂသစ္စာဆိုတဲ့ လမ်းမတော်ကြီး မဂ္ဂသစ္စာဆိုတဲ့ အကျင့်ကောင်းကြီးဟာ၊ အမေက သားသမီးကယ်နိုင်သတဲ့ဗျာ . . . (မှန်လှပါဘုရား) သားသမီးက အမေအဖေကို (ကယ်နိုင် ပါတယ်ဘုရား) အင်း-ဒါဖြင့် ဒကာ ဒကာမတို့သည် ဒီလမ်းနဲ့ ဒီအကျင့် လိုက်လိုက်ရလို့ရှိရင်ဖြင့် ညည်းလုံးတွေ အကုန် ပျောက်ပေါ့ဗျာ . . . (မှန်လှပါဘုရား)။

တွေးလုံးမှားတွေလည်း အကုန်ဆယ်မိ. . . (မှန်လှပါဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား) တွေးလုံးမှားတွေလည်း ဘာဖြစ်တုံး . . . (အကုန်ဆယ်မိပါတယ်ဘုရား) အင်း ညည်းလုံးတွေကော . . . (အကုန်ပျောက်ပါတယ်ဘုရား) ညည်းလုံးတွေကော ဒကာသိုက် အကုန်ပျောက်ပါတယ်. . . (မှန်ပါဘုရား) သဘောပါကြပလား. . . (ပါပါပြီဘုရား)။

အင်း-ခုတော့ဖြင့် ဒကာ ဒကာမတွေက သစ္စာမသိတော့ သူဒါတွေ မတတ်သာလို့ လွှတ်လိုက်ရတယ်. . .၊ သေမင်းနဲ့ တောင် စစ်တိုက်လိုက်ချင်သေး. . . (မှန်ပါဘုရား) အမလေး ဒေါသများဖြစ်နေလိုက်သေး. . . (မှန်လှပါ)။

အင်း-ရတနာသုံးပါးကောက်ပြီး သကာလနေတယ်၊ ကျုပ်ဖြင့် ရှုရတဲ့အခါလည်း မနည်းလှဘူး. . . (မှန်ပါဘုရား) အစရှိသည်နဲ့ အနာနဲ့အမေနဲ့ ရန်ဖြစ်နေတာပဲ. . . (မှန်လှပါ) ဟုတ်ဖူးလား. . . ဘယ်သူမှ မတတ်နိုင်ဘူး၊ မပြတ်တာ လေ့ကျင့်တော့. . ဟုတ်လား. . . (မှန်ပါ့ဘုရား)။

နာတာ ဘယ်သူမှ မတတ်နိုင်ဘူး ကွဲတာ လွဲတာ ဘယ်သူမှ မတတ်နိုင်ဘူးတဲ့၊ ဆင်ခြင်ပြီးသကာလသာ နေတော့ ဆိုတဲ့ အဘိဇ္ဈာသုတ်များနဲ့ ဒကာ ဒကာမတို့ အဲဒါက တဇ္ဈာ အကြမ်းသတ်တာပါ. . . (မှန်ပါဘုရား)။

## ဒီလမ်းသွားပြီး ဒီအကျင့်ကျင့်ပါ

ယခုဟာက တစ်ခါတည်း တဏှာအကြမ်းရော တဏှာအနုရော ဘုံဘဝပါပြုတ်တဲ့ အလုပ်ဖြစ်တဲ့ မဂ္ဂင်စခန်းကို၊ ဒကာဒကာမတွေက ဒီလမ်းကိုသွား ဒီအကျင့်ကို ကျင့်လိုက်လို့ရှိရင်ဖြင့်၊ အမေကလည်း သားသမီးကယ်နိုင်တယ်၊ သားသမီးက (အမေကိုကယ်နိုင်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သားနဲ့ အမေမခွဲချင်ပါဘူး . . . ဟုတ်လား၊ အမေနဲ့သား မခွဲချင်ပါဘူးဆိုလို့ရှိရင်ဖြင့်၊ ဘာကိုလုပ်ထိုက်တယ်ဆိုတာ ပေါ်လာပြီ၊ ဘယ်လိုများပေါ်တုံး. . . (မဂ္ဂင်အလုပ်လုပ်ဖို့ပဲဆိုတာပါဘုရား) မဂ္ဂင်အလုပ်လုပ်ဖို့ပဲဆိုတာ ပေါ်လာပြီ. . . (မှန်ပါဘုရား)။

ဒကာကြွယ်ရေ သိပ်အဖိုးတန်ပါလား. . . (တန်ပါတယ်ဘုရား) အင်း-ဘုရားသခင်ကိုယ်တော်မြတ်ကြီး ထုတ်ဖော်ပြောပေလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ. . .၊ ဪ - တကယ်လိုတဲ့ အကျင့်တကယ်လိုတဲ့လမ်းစဉ် ဒကာသိက်ရှိသေးတယ်ဆိုတာ တွေ့ရတယ်. . . (မှန်လှပါဘုရား)။

## ဘုတ်ထိုင်ထိုင်ပြီးလက်လျှော့ရတယ်

ဒကာကြွယ် တယ်အဖိုးတန်ပါလား. . . (တန်ပါတယ်ဘုရား) ဒကာ ဒကာမတို့ ရှေးက ဘုတ်ထိုင် ထိုင်ပြီး သကာလ၊

အေး သူ့ကံနဲ့ သူ့အကြောင်းနဲ့သူ၊ သူအိုတာ သူနာတာ သူသေတာကိုလည်း ကျုပ်တို့လည်း ဝတ္တရားအတိုင်းတော့ ပြုလိုက်တာပဲ၊ သို့သော် မတတ်နိုင်တော့ လက်လျှော့လိုက်ရတာပဲဆိုပြီး၊ ဒါနဲ့သာ ဇာတ်သိမ်းသွားတယ်. . . (မှန်လှပါဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ရှေ့ဒီလိုဇာတ်သိမ်းရမှာလားလို့ ကယ်နိုင်တဲ့နည်းရှိသေးတယ်ဆိုပြီး လမ်းစဉ်လိုက်ရမှာလား. . . (လမ်းစဉ်လိုက်ရမှာပါဘုရား)။

ကိုင်း-ဒါဖြင့် အင်မတန် အဖိုးတန်မယ်ဆိုတာ ဒကာသိုက်တို့ ပေါ်လာတယ်. . မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား) ခုတော့ဖြင့် ဒကာ ဒကာမတို့ နေကြထိုင်ကြတာက မကယ်နိုင်ဘူး၊ မယူနိုင်ဘူး၊ အနတ္တတစ်လုံးလက်ကိုင်ထားပြီးသကာလ တစ်ခါတည်း ဘယ်သူက ဘယ်သူ့မကယ်နိုင်ဘူး။

## အနတ္တတစ်လုံးကိုင်ပြီးပိတ်ထားတယ်

သူ့ခန္ဓာကလည်းအနတ္တ၊ ကိုယ့်ခန္ဓာကလည်း အနတ္တဆိုပြီး၊ အနတ္တလေးတစ်လုံးကို နှုတ်ဖျားတပ်တပ်ပြီးသကာလ၊ ဒကာ ဒကာမတွေက ကယ်မယ့် ယူမယ့်လမ်း မရှိဘူးလို့ ပိတ်ထားတယ်. . . (မှန်လှပါဘုရား)။

အနတ္တတစ်လုံးကိုင်ပြီး ပိတ်ထားတယ်၊ ဘယ်လောက် နစ်နာတုံး မနစ်နာဘူးလား. . . (နစ်နာပါတယ်ဘုရား) အဲဒါ ကြောင့် ဒီနေ့ ခင်ဗျားတို့ နားလည်ထားတဲ့ အနတ္တဟာ၊ ဘယ် လိုပင် အမေက သားမပိုင်၊ သားက အမေမပိုင်၊ အမေကလည်း အမေ့ရုပ်နာမ်မပိုင်၊ သားကလည်း သားရုပ်နာမ် မပိုင်ဘူးဆိုတာ လည်း အနတ္တသဘောကတော့ဖြင့် ဒကာကြွယ် မှန်ပါရဲ့. . . (မှန်လှပါဘုရား)။

## ကယ်နိုင်တဲ့လမ်းစဉ်ရှိသေးတယ်

မှန်ပင်မှန်ငြားသော်လည်း ကယ်နိုင် ယူနိုင်တဲ့ လမ်းစဉ် နဲ့အကျင့်ရှိသေးတယ်. . . (မှန်လှပါဘုရား) ဘာတဲ့တုံး (ကယ်နိုင် ယူနိုင်တဲ့လမ်းစဉ်နဲ့ အကျင့်ရှိသေးပါတယ်ဘုရား)။

ကယ်နိုင် ယူနိုင်တဲ့ လမ်းစဉ်လည်းရှိ အကျင့်လည်းရှိ ဆိုသဖြင့် အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဘုရားသခင်ကိုယ်တော်မြတ် ကြီးက ဟောတော်မူသောကြောင့်၊ ဩော်-ဒို့သည်ကားလို့ဆိုရင် အနတ္တ. . အနတ္တနဲ့ ထိုင်နေလို့မပြီးသေးပါလား. . . (မှန်လှပါ ဘုရား) ပေါ်လာပြီလား. . . (ပေါ်ပါပြီဘုရား)။

## အနတ္တဆိုပြီးထိုင်နေလို့မပြီးဘူး

အနတ္တ အနတ္တနဲ့ ထိုင်နေလို့ ပြီးကြပါ့မလား. . . (မပြီး

ပါဘူးဘုရား) အနတ္တ အနတ္တနဲ့ ထိုင်နေတော့. . . အနတ္တ ဉာဏ်စစ်မဟုတ်ဘဲနဲ့ မျက်ရေထဲထိုင်နေတာ. . . (မှန်လှပါ ဘုရား)။

သောကနဲ့ထိုင်နေတာ. . . (မှန်ပါဘုရား) ဘာနဲ့ ထိုင်နေတာတုံးသောကနဲ့ထိုင် ပရိဒေဝဆိုတဲ့ မျက်ရည်နဲ့ထိုင် . . . (မှန်လှပါဘုရား) အင်း-ဒီအတိုင်းဟာ အထိုင်မှန်ဟုတ်ပါ ရဲ့လား. . . (မဟုတ်ပါဘူးဘုရား)။

အင်း-ဒါဖြင့် ဒကာ ဒကာမတွေ လိုသေးတဲ့အချက်ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဖြည့်စွက်လိုက်ခြင်းကြောင့် ကျုပ်တို့ဖြင့် ယနေ့ကိုးစားရာ အားထားရာအစစ်၊ အမေက သားကယ်နိုင်တဲ့၊ သားက အမေကယ်နိုင်တဲ့ လမ်းစဉ်အသစ် တွေ ရှိပါသေးတယ်ဆိုတာ၊ ဘုရားကထုတ်ဖော်ပြောတဲ့ အတွက်၊ အလွန်ဝမ်းမြောက်စရာကောင်းတဲ့နေ့ပဲလို့ ဆုံးဖြတ် ချက်ချပါ. . . (မှန်လှပါဘုရား)။

မတွေ့ဘူးတဲ့တရား. . . (မှန်လှပါဘုရား) သဘောကျ ကြပလား. . . (မှန်ပါဘုရား) ခင်ဗျားတို့ သားလေးတွေ သမီးလေးတွေ ကျလာလို့ရှိရင်ဖြင့် ဒကာကြွယ်တို့ ဒကာသိုက် တို့က ရွှေပေါ်မြတင်ပေ့ါဗျာ. . . (မှန်လှပါဘုရား)။

ကယ်ချင်ယူချင်လိုက်တာ ကမ်းကုန်နေတာပဲ. . . (မှန်လှပါ) သို့သော်လည်း. . အချို့ငယ်ငယ်နဲ့ သေကြ ကြေကြ

. . တချို့အရွယ်ကလေးရောက်မှ. . သေကြ ကြေကြ တာတွေ ကော မရှိဘူးလား အင်း. . . (ရှိပါတယ်ဘုရား)။

## ကယ်နိုင်ယူနိုင်တဲ့လမ်းစဉ်

နာလိုက်တာ မဖြစ်သာလို့သာ. . .၊ သေမင်းနိုင်ငံ လိုက်သွားတာ မတတ်နိုင်လို့ လျော့လိုက်ရတယ်. . .၊ အနတ္တ မို့သာ လျော့လိုက်ရတယ်. . . ဆိုပြီးသကာလ ညည်းလုံးနဲ့၊ ဒေါမနဿနဲ့၊ ဒီလိုပဲ ဒကာ ဒကာမတွေက အချိန်ကုန်ပြီး နေခဲ့တာ အဲဒီအနတ္တကို ဒကာ ဒကာမတို့ ယနေ့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့်. . .၊ ဩော်. . . ဒီအနတ္တနယ်ကနေပြီးသကာလ ကျုပ်တို့သည်ကားလို့ဆိုရင်၊ ခုနက ညည်းလုံးနဲ့ မျက်ရည်နဲ့ နေရတဲ့ အဖြစ်မှ၊ ညည်းလုံးရော မျက်ရည်ပါသိမ်းပြီးသကာလ ကယ်နိုင် ယူနိုင်တဲ့ လမ်းစဉ်အကျင့် သေသေချာချာရှိတယ်ဆို တာ ဆုံးဖြတ်ချပါ. . . (မှန်လှပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

ကဲ. . . ဒကာသိုက်ရေ နေရာကျပလား. . . (ကျပါပြီ ဘုရား) ဒါဘုန်းကြီးက ကြံဖန်ပြောတာမဟုတ်ပါဘူး . . . အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဒီဃနိပါတ်အင်္ဂုတ္တိုရ်မှာ သုံးခု ပြောတဲ့ အတွက် ဒကာ ဒကာမတွေ ဒီလမ်းစဉ်ဟာ အမှန်ပဲလို့ ယူကြပါနော်. . . (မှန်လှပါဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ စဉ်းစားကြပါစို့တဲ့ ကျုပ်တို့အဖြစ် စဉ်းစားလိုက်ရင် ပေါ်လာပါလိမ့်မယ်. . . တဲ့၊ ဒီဘက်က နှစ်ခုဖြတ်လိုက်တယ် ဒကာသိုက်ရေ. . (မှန်လှပါ) ဘာပါလိမ့်. . . (ဇရာမရဏပါဘုရား) ဒီဘက်ကကျရင် ဇရာ မရဏချည်းပဲ. . . (မှန်ပါ)။

## ခန္ဓာက ဇရာမရဏလမ်းဆုံးတယ်

အင်း. . . မိမိခန္ဓာကလည်း ဇရာမရဏလမ်းဆုံး . . . သဘောကျပလား. . . (ကျပါပြီဘုရား) သားသမီးခန္ဓာ ကြည့် လိုက်လည်း. . . (ဇရာ မရဏလမ်းဆုံးပါဘုရား) အေး. . . ဇရာ မရဏလမ်းဆုံး သဘောကျကြပလား. . . (ကျပါပြီ ဘုရား) အင်း. . သားသမီးခန္ဓာကလည်း ဇရာ မရဏလမ်း ဆုံးတော့. . .၊ အမေမိဘကလည်း ထိုင်သာကြည့်နေရတယ် မတတ်နိုင်ဘူး၊ မိမိခန္ဓာကလည်း ဇရာ မရဏလမ်းဆုံး ဖြစ်နေ တဲ့အတွက်. . . ထိုင်သာကြည့်နေရတယ်၊ သားသမီးတွေက အမေ မိဘကမကယ်နိုင်ဘူးဆိုပြီး သကာလ. . . လက်လျှော့ . . . (မှန်ပါဘုရား)။

## မလျှော့လိုက်ပါနဲ့

မလျှော့လိုက်ပါနဲ့လို့ ဒီနေ့တရားသတိပေးလိုက် ပါတယ်၊ ဒကာ ဒကာမတို့ ဘယ်လိုသတိပေးပါလိမ့်. . .

(မလျှော့ပါနဲ့ဘုရား) မလျှော့ပါနဲ့ဆိုတော့ ဒကာကြွယ်ရေ အားတက်စရာသိပ်ကောင်း. . . (မှန်လှပါဘုရား) အားတက်စရာ အလွန်ကောင်းတယ်ဆိုတာ ဒကာ ဒကာမတွေ ပေါ်လာကြပလား . . . (ပေါ်ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့်. . . ဒကာ ဒကာမတို့ ဒီဘက်က နေပြီးသကာလ တစ်လုံးချပြန်တော့၊ ဪ. . . ဒါက ဇာတိလို့ ခေါ်ကြမယ်. . . (မှန်ပါဘုရား) ဇာတိဆိုတာ ပဋိသန္ဓေပေါ့ဗျာ . . . (မှန်ပါဘုရား) ပဋိသန္ဓေနေမိလို့. . . ဒိုသေဆိုတာက လာရတယ်. . . (မှန်လှပါဘုရား) ပဋိသန္ဓေနေမိလို့ ဘာပါလိမ့် . . . (အိုသေလာရပါတယ်ဘုရား)။

အင်း. . . ဒကာ ဒကာမတို့. . . သားသမီး ပဋိသန္ဓေနေ မိလည်း အိုသေလာရမှာပဲ. . . (မှန်လှပါဘုရား) အဖေ ပဋိသန္ဓေ နေမိရင်လည်း. . . (အိုသေလာမှာပါဘုရား)။

ဪ. . . ဒါဖြင့်. . . သားသမီးလည်း ပဋိသန္ဓေမနေရ . . . (မှန်လှပါဘုရား) ဟုတ်လား. . . ကိုယ်လည်းပဋိသန္ဓေ မနေရ. . . လုပ်လိုက်လို့ရှိရင်ဖြင့်. . . ကိုယ့်သားသမီးလည်း အိုသေနဲ့ မတွေ့ရဘူး. . . မိမိရော. . . (အိုသေနဲ့ မတွေ့ရပါ ဘူးဘုရား)။

## ကယ်နိုင်တဲ့တရားရှိတယ်

အင်း. . . ဒါဖြင့် သူ့လည်းအလုပ်ခိုင်း၊ ကိုယ်လည်း လုပ်ဆိုလို့ရှိရင်ဖြင့် ကယ်နိုင်တဲ့ တရားရှိတယ်. . . (မှန်လှပါ ဘုရား) သူ့လည်းအလုပ်ခိုင်း. . . ကိုယ်လည်းလုပ်ဆိုရင်ဖြင့် . . . (ကယ်နိုင်တဲ့တရားရှိပါတယ်ဘုရား)။

ဒကာသိုက်ရေ. . . ဒကာကြွယ်တို့. . . တော်တော် အဖိုးတန်တဲ့တရားဆိုတာ ဒကာ ဒကာမတွေ ကောင်းကောင်း ကြီးပေါ်ပြီလား. . .၊ အဲတော့ အလကားနေ အိမ်မှာညည်းပြီး သကာလ မနေစမ်းပါနဲ့. . .၊ ဆရာဘုန်းကြီးက သတိပေးလိုက် တယ်. . . (မှန်လှပါဘုရား) နင်တို့အတွက်ခက်သေးတယ်. . . နင်တို့ကြီးမှာဖြင့် ငါကြောက်နေသေးတယ်. . . မလုပ်ပါနဲ့. . . (မှန်လှပါဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)။

## ညည်းလုံးထုတ်မနေနဲ့

အေး. . . ငါတို့များ မရှိလို့ရှိရင်ဖြင့် နင်တို့အခက်ကြီး ကြုံဦးမယ်လို့ ညည်းလုံးတွေ ထုတ်မနေလိုက်ပါနဲ့. . . (မှန်လှပါ ဘုရား) ဟုတ်လား. . . (ဟုတ်ပါတယ်ဘုရား) ညည်းလုံး ထုတ်တာကမကယ်နိုင်ဘူး. . . (မှန်ပါဘုရား)။

သူ့ကိုလည်း ပဋိသန္ဓေမနေအောင်လုပ်ပေး. . . (မှန်ပါ ဘုရား) မိမိကကော. . . (ပဋိသန္ဓေမနေအောင်လုပ်

ရမှာပါဘုရား) မိမိလည်း ပဋိသန္ဓေမနေအောင် လုပ်ပေါ့ဗျာ . . . (မှန်ပါဘုရား)။

## ပဋိသန္ဓေမနေအောင်လုပ်

မိမိလည်း ပဋိသန္ဓေမနေအောင်လုပ်၊ သားသမီးလည်း . . . (ပဋိသန္ဓေမနေအောင်လုပ်ပါဘုရား) ဒါဖြင့် သူ့အိုသေလည်းမရှိ ကိုယ့်အိုသေလည်းမရှိသောကြောင့်၊ ဘြော် သည်နည်း ကားလို့ဆိုရင် အမေက သားသမီးကို ကယ်နိုင်တဲ့ တရားပါလား၊ သားသမီးက အမေအဖေတို့. . . (ကယ်နိုင်တဲ့ တရားပါဘုရား)။

ဘြော် ဒါမသိသေးတာနဲ့. . ဒကာသိုက်တို့ ဒကာကြွယ်တို့က. . . အနတ္တတစ်လုံးနဲ့. . . ချုံးပွဲချနေကြတယ်. . . (မှန်ပါဘုရား) သဘောပါပလား. . . (ပါပါပြီဘုရား) ဘာတစ်လုံးနဲ့ ချုံးပွဲချနေတာလဲ. . . (အနတ္တတစ်လုံးနဲ့ ချုံးပွဲချနေတာပါဘုရား)။

## မဂ္ဂသစ္စာကိုလက်ကိုင်ထားပါ

ကိုင်း. . . ဒီဘက် ဒကာ ဒကာမတွေကော ပေါ်ကြပလား. . .၊ နောက် အနတ္တတစ်လုံးနဲ့. . . ချုံးပွဲချမနေပါနဲ့၊ မဂ္ဂသစ္စာကို လက်ကိုင်ထားလိုက်စမ်းပါ. . . (မှန်လှပါဘုရား) ဘာလက်ကိုင်ထားရမလဲ. . . (မဂ္ဂသစ္စာကို လက်ကိုင်ထားရမှာပါဘုရား)။

မဂ္ဂသစ္စာလက်ကိုင်ထားလိုက်ပြီဆိုမှဖြင့်. . . ဇာတိဆိုတဲ့ ပဋိသန္ဓေနေမှုရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။

အင်း. . . သူမရှိလို့ရှိရင် အိုသေကော. . . (မလာတော့ပါဘူးဘုရား) ဒါဖြင့် သားသမီးများကိုလည်း ဒီအလုပ်တိုက်တွန်းရမယ်. . . (မှန်ပါဘုရား) အမေ မိဘကလည်း ဒီအလုပ်ကိုယ်တိုင် လုပ်ရမယ် သားသမီးများကိုလည်း. . . (တိုက်တွန်းရမယ်ဘုရား)။

အလကားနေ ခင်ဗျားတို့က. . . ချစ်တာ ခင်တာနဲ့ပဲ၊ မင်းတို့ ငယ်ပါသေးတယ်၊ နေသေးတာပေါ့၊ အမေ အဖေတို့သာ အသက်ကြီးလို့ သံသရာအရေး အရေးကြီးပြီး တို့သွားနာမယ်လို့ . . . ဒီလိုမလုပ်ပါနဲ့ မချစ်ရာရောက်တယ်. . . (မှန်လှပါဘုရား)။

## ဆရာဘုန်းကြီးက၊ အပြစ်တင်လိုက်တယ်

မင်းဟာမင်းအို - မင်းဟာမင်းသေရင်ကွာ၊ အမေ အဖေက ချစ်ရာများရောက်သေးရဲ့လား. . . (မရောက်တော့ပါဘူးဘုရား) စဉ်းစားမိရဲ့လား. . . (စဉ်းစားမိပါတယ်ဘုရား) ခင်ဗျားတို့ ပြောနေကြတာ၊ အားကြီးလွဲနေတယ်လို့ ဒကာသိုက်တို့ ဒကာကြွယ်တို့ ဆရာဘုန်းကြီးက အပြစ်တင်လိုက်တယ်. . . (မှန်ပါဘုရား) မတင်ထိုက်ဘူးလား. . . (တင်ထိုက်ပါတယ်ဘုရား)။

အင်း. . . သူ့အို သေဆိုတော့ဖြင့် မင်းတို့က အိုမှာ သေမှာတွေ ရှိကြွားသော်လည်း၊ တို့က အိုမှာသေမှာ သာပြီး သကာလ နီးတယ်ဟ. . . ဆိုပြီးသကာလ၊ နင်တို့တော့ ကမ္ဘ သကာပဲ. . . ဆိုပြီး မဂ္ဂင်အလုပ် နှောင့်နှောင့်နှေးနှေး အလုပ်ခိုင်း လို့ရှိရင်ဖြင့် မကယ်ချင်တဲ့ အမေမိဘပဲ . . . (မှန်လှပါဘုရား)။

## ပါးစပ်ကချစ်လိုက်တာ

ဆိုထိုက်ပလား. . . (ဆိုထိုက်ပါပြီဘုရား) ဘယ်လို ဆိုကြမယ်. . . (မကယ်ချင်တဲ့ အမေမိဘပါဘုရား) ပြီးတော့ ပါးစပ် ချစ်ပေါ့လေ. . . (မှန်လှပါဘုရား) ပါးစပ်ကတော့ ချစ်လိုက်တာ ကြင်နာလိုက်တာ နင်တို့ငုံတောင်ထားချင်သေး တယ်. . . (မှန်လှပါဘုရား) အစရှိသည်နဲ့ ဒကာသိုက်တို့ လောကွတ်တွေက တော့ ပေါပေါ့ဗျာ . . . (မှန်လှပါဘုရား)။

ပေါသာပေါတယ် ဒီဥစ္စာ ဝမ်းထဲက စင်စစ်ပါ ပါရဲ့ လား လို့မေးရင်. . . (မပါပါဘူးဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား) ဒါသားသမီးများ ချစ်ပါတယ် ခင်ပါတယ် ကြင်နာပါတယ် ဆိုတဲ့ စကားကဖြင့်၊ ခင်ဗျားတို့ ချစ်နေတဲ့ အလုပ်ဟာ လောကွတ်ပါပဲ. . . (မှန်ပါဘုရား) တကယ်တန်း အိုတဲ့ နာတဲ့လမ်း ပိတ်ပင် ပေးတာမှ မဟုတ်ဘဲ. . . (မှန်လှပါ ဘုရား)။

ဒကာကြွယ်ရေ လောကွတ်တွေပေါ်ပလား . . . (ပေါ်ပါပြီဘုရား) ဒါဖြင့် နောက် ဒီလောကွတ်တွေသုံးလို့ တော်ပါ့မလား . . . (မတော်ပါဘူးဘုရား) ဒကာသိုက်ကော သုံးချင်သေးလား . . . (မသုံးချင်ပါဘူးဘုရား)။

## ဖဝါးလက်နှစ်လုံးစပြီးမွေးလာရတာ

အပဟုတ်ကို မသုံးတော့ဘူးလား. . . (မှန်ပါဘုရား) မသုံးမှ ဒကာ ဒကာမတို့. . . သုံးလိုက်လို့ရှိရင်ဖြင့်. . . ငါးပါးမှောက်တယ်. . . (မှန်ပါဘုရား) အမေမိဘက သားသမီးများကို နင်တို့လား. . . ဖဝါးလက်နှစ်လုံး. . . ပခုံးလက်နှစ်သစ်ကနေ. . . ကျွေးရမွေးရတာ. . . ၊ အငယ်လေးပဲ ထင်သေးတယ်. . . ၊ မင်းတို့ကြီးပင်ကြီးပြားသော်လည်း. . . ဆိုပြီးတော့၊ ချစ်ကြောင်းခင်ကြောင်းကို တစ်ခါတည်း ငယ်ကျိုးငယ်နာလှန်ပြီး သကာလ၊ ကရုဏာတွေ မေတ္တာတွေများ ပြောများနေလိုက်တာ. . . မဆုံးဘူး. . . (မှန်လှပါဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)။

## မဂ္ဂင်လမ်းကိုမတိုက်တွန်းရင်

အဲဒီ မဆုံးပေမယ့်လည်း. . . ခုနက မဂ္ဂင်လမ်းကို သင်မပေးလို့ရှိရင် သူအိုတာ နာတာ၊ အမေမိဘက ကြည့်ချင်လို့ ဟုတ်လား. . . (ဟုတ်ပါတယ်ဘုရား)။

အမေမိဘ မဂ္ဂင်လမ်းကို သားသမီးတွေက မတိုက်တွန်းပြန်လို့ရှိရင်လည်း အမေတွေ အဖေတွေက အိုကုန်လို့တို့ဟာဖြင့် အင်း. . . ခြေမွေးမီးမလောင်. . . လက်မွေးမီးမလောင်နဲ့ပဲ ကျေးပါတော့မယ်. . . ဆိုငြားသော်လည်း အိုမှုနာမှု ကယ်နိုင်ကြလား. . . (မကယ်နိုင်ပါဘူးဘုရား)။

မကယ်နိုင်တော့. . . သူတို့ ပြောတာလည်း လောကွတ်ပဲ. . . (မှန်ပါဘုရား) ဒါဖြင့် သားသမီးများကလည်း အမေမိဘကို မဂ္ဂင်အလုပ် လုပ်စမ်းပါ။ ဒါမှ. . . အဖေ အမေတို့ အိုမှုသေမှုလွတ်နိုင်တယ်. . . ဆိုပြီးသကာလ၊ လူငယ်များကလည်း အမေမိဘများ တိုက်တွန်းရတယ်၊ အမေမိဘများကလည်း လူငယ်တွေလို့ နင်တို့ဟာ နင်တို့သေချင်သေ ကြေချင်ကြေလို့ ဥပေက္ခာသဘောနဲ့ မထားလိုက်ပါနဲ့လို့. . . ဒီသုတ်မှာအသေအချာဟောတယ်. . . (မှန်ပါဘုရား) သဘောပါပလား. . . (ပါပါပြီဘုရား)။

## ဒီကရှေ့ပြင်ချိန်ရောက်ပြီ

ဒါဖြင့်. . . ဒီကရှေ့ ဒကာကြွယ်တို့၊ ဦးလှဘူးတို့ ပြင်ချိန်ရောက်ပြီ. . . (မှန်ပါဘုရား) ဒကာသိုက်ဘယ့်နဲ့ လုပ်မလဲ. . . (ပြင်ချိန်ရောက်ပါပြီဘုရား) ပြင်ရမှာပဲ အမေက သားသမီးချစ်လို့ရှိရင် မဂ္ဂင်အလုပ်လုပ်ပါဟော့၊ ဒါမှ ညည်းတို့အိုတာ

ညည်းတို့ နာတာ ညည်းတို့သေတာ မမြင်ချင်ဘူး၊ ဒါကြောင့် မဂ္ဂင်အလုပ်လုပ်ပါ. . . (မှန်လှပါဘုရား)။

သားသမီးများက အမေအဖေ ကြင်နာပါတယ်၊ ယုယပါတယ် ဆိုလို့ရှိလည်း၊ အမေတို့ အဖေတို့ မဂ္ဂင်အလုပ်လုပ်ပါ၊ အိုနာသေ မရှိဘူး၊ အဲဒီလိုဆိုရင် ကျွန်မတို့ ကျွန်တော်တို့ဟာ ပူစရာ ပင်စရာမရှိဘူး၊ အဲဒီလို တစ်ယောက်ကိုတစ်ယောက် ကယ်နိုင်တဲ့အလုပ်ဟာ ရှိသေးတယ်ဆိုတာ ယနေ့သိရတဲ့အတွက် ဒကာ ဒကာမတို့ ဩော် ဒီတရားသည် ကားလို့ဆိုလို့ရှိရင်ဖြင့်၊ ခါတိုင်းတော့ အနတ္တနဲ့ ဘုတ်ထိုင် ထိုင်နေလိုက်တာ . . . မဂ္ဂမသိလို့ ထိုင်တာကို. . . ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ညည်းလုံးတွေကို အကုန်သိမ်းပါ

အနတ္တ ဉာဏ်နဲ့ ဘုတ်ထိုင်ထိုင်ပြီးသကာလ. . . မတတ်နိုင်ဘူး လက်လျှော့လိုက်ရတာပဲ. . ၊ မတတ်နိုင်ဘူး လက်လျှော့လိုက်ရတာပဲလို့ဆိုတဲ့ ညည်းလုံးတွေကို ဒကာသိုက်တို့ ဒကာကြွယ်တို့ အကုန်သိမ်းပေါ့ဗျာ. . . (မှန်လှပါဘုရား)။

မသိမ်းရပေဘူးလား. . . (သိမ်းရမှာပါဘုရား) သိမ်းပြီးသကာလ၊ သိမ်းဆိုတာလည်း ကိုယ့်ပါးစပ်ထဲတင် မသိမ်းလိုက်ပါနဲ့၊ ကိုယ့်အတွက်လည်း အိုသေ လွတ်တာ လုပ်လိုက်ပါ. . .

(မှန်လှပါဘုရား) သားသမီးများအတွက်လည်း အိုသေလွှတ်ရာ တိုက်တွန်းပါ. . . (မှန်လှပါဘုရား)။

ကိုယ့်အတွက်လည်း. . . (အိုသေလွတ်ရာလုပ်ပါဘုရား) အိုသေလွှတ်ရာလုပ်လိုက်ပါ. . . သားသမီးများအတွက်လည်း. . . (အိုသေလွှတ်ရာလုပ်လိုက်ပါ) ဒီလိုဆိုတော့ ဘယ့်နှယ်ဖြစ်သွားတုံး. . . သားသမီးကလည်း အမေမိဘ ကယ်နိုင်တယ်. . . (မှန်လှပါဘုရား) အမေမိဘကလည်း. . . (သားသမီး ကယ်နိုင်ပါတယ်ဘုရား)။

အခုတော့ ခင်ပျားတို့. . . ချစ်တယ် ခင်တယ်. . . ကြင်နာတယ်. . . ယုယတယ်ဆိုတဲ့ အလုံးတွေဟာဖြင့် အင်း၊ လောကီနဲ့ပဲ အချိန်ကုန်နေတာပဲ. . . (မှန်လှပါဘုရား)။

## အိုတာသေတာကို ထိုင်ကြည့်နေတာနဲ့တူတယ်

စိန်ဝယ်ဆင်လိုက်၊ ကားဝယ်ပေးလိုက် အမျိုးမျိုးပေါ့ ကိုယ့်အတန်းနဲ့ ကိုယ်ပေါ့ဗျာ. . . (မှန်ပါဘုရား) ဒီလိုသာလျှင် လုပ်ဖော်ရပြီးသကာလနေတော့၊ အိုတာ သေတာကို ထိုင်ကြည့်နေတာနဲ့ တူတယ်. . . (မှန်လှပါဘုရား) . . . မတူဘူးလား . . . (တူပါတယ်ဘုရား)။

အိုတာ သေတာ ဘယ်လိုကြည့်နေတုံး. . . (ထိုင်ကြည့်နေပါတယ်ဘုရား) အဲတော့ ချစ်တယ်လည်းဆိုရဲ့ ကမ္ဘသကာ

လည်းပါရဲ့. . . (ပါနေပါတယ်ဘုရား) ဘယ့်နဲ့ဆိုကြမတုံး. . . (ကမ္ဘသကာ၊ ပါနေပါတယ်ဘုရား)။

ချစ်တယ်လည်းဆိုရဲ့ ကမ္ဘသကာလည်းပါရဲ့ဆိုတော့ အင်းဒကာသိုက်ရေ၊ ဒီဥစ္စာအတော်အရုပ်ဆိုးနေတယ်. . . (မှန်လှပါဘုရား) မဆိုးဘူးလား. . . (ဆိုးပါတယ်ဘုရား)။

## မဂ္ဂနဲ့ထိုင်လိုက်စမ်းပါ

အေး. . . ဒါကြောင့်. . . ဒကာ ဒကာမတွေသည် ကားလို့ဆိုရင်ဖြင့်၊ အနတ္တနဲ့ထိုင်ပြီးသကာလ ယနေ့မနေဘဲနဲ့ မဂ္ဂနဲ့ ထိုင်လိုက်စမ်းပါဆိုတာ. . . သတိပေးရတယ်. . . (မှန်လှပါဘုရား) ဘယ်လိုသတိပေးပါလိမ့်. . . (မဂ္ဂနဲ့ထိုင်လိုက်စမ်းပါဘုရား) မဂ္ဂနဲ့ထိုင်လိုက်စမ်းပါလို့ သတိပေးလိုက်ပါတယ်. . . (မှန်လှပါဘုရား)။

ဒါ. . . သံဝေဂလည်းပါရော အလုပ်စဉ်လည်းပါရော၊ လမ်းစဉ်လည်းရှိသေးတယ်၊ ကာကွယ်နိုင်တဲ့နည်းရှိသေးတယ် ဆိုတာလည်းပေါ်သွားပြီ. . . (မှန်လှပါဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာသိုက်ရေ ဒီကရှေ့ ချို့ယွင်းချက် မရှိစေနဲ့ ပေါ့ဗျာ၊ တကယ့်ဆွေမျိုး ဉာတကာတွေ ဖြစ်လို့ရှိရင်လည်း. . ဘာလုပ်ပေးရမတုံး. . . (မဂ္ဂင်အလုပ်တိုက်တွန်းရမယ်ဘုရား)

မဂ္ဂင်အလုပ်တိုက်တွန်းပါ ကိုယ့်ကိုယ်ကို မအိုချင် မသေချင်ရင် ရော. . . (မဂ္ဂင်အလုပ်လုပ်ရပါမယ်ဘုရား) ဒါပဲ အားကိုးရာ ရှိတယ်. . . (မှန်လှပါဘုရား) မင်းအနတ္တနဲ့ မင်းကမ္မသကာပဲလို့ မလုပ်လိုက်ပါနဲ့. . . (မှန်လှပါဘုရား) သဘောပါပလား . . . (ပါပါပြီဘုရား)။

## ရှေးတုန်းကဘယ်လိုဖြစ်နေတုံး

အခုတော့ ဒကာ ဒကာမတွေ ရှေးတုန်းက ဘယ့်နဲ့ ဖြစ်နေ တုံးဆိုတော့၊ အနတ္တကွ. . မပိုင်ဘူး. . မပိုင်ဘူး. . ၊ မပိုင်လို့ ကြည့်စမ်းပါလားကွ၊ သားငယ်လည်း ငယ်ငယ်က ပျက်စီးသွားတယ်၊ သားကြီးလည်း အရွယ်ရောက်မှ ပျက်စီး သွားတယ်၊ မပိုင်တော့ ဒီလိုစွန့်လိုက်ရတာပဲ၊ မတတ်နိုင်ဘူးကွ၊ စိတ်တော့ ဘယ်ကောင်းတယ် ဟုတ်မလဲ. . . (မှန်ပါဘုရား)။

အမယ်လေး အရှည်ကြီးပါလား. . . (မှန်ပါဘုရား) လေ သာရှည်နေတယ် မတတ်နိုင်တဲ့ဘက်က ရှည်နေတယ် . . . (မှန်လှပါဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား) အခုတော့ ဘယ်ကရှည်ရမတုံး. . . (မတတ်နိုင်တဲ့ဘက်က ရှည်နေတယ်ဘုရား)။

မတတ်နိုင်တဲ့ဘက်က လေရှည်ကြီးနဲ့ မျက်ရည်သုတ် မနေနဲ့တော့. . . (မှန်ပါဘုရား) မဖြစ်ဘူးဆိုတာ ပေါ်ပလား

. . . (ပေါ်ပါပြီဘုရား) ရနိုင်တဲ့ဘက်က ကြိုးစားလိုက်မယ်ဆို တော့ မသိခင်တုန်းက. . . ဒကာကြွယ်တို့ မကြိုးစားတာ. . . ဒကာသိုက် တို့ မကြိုးစားတာ. . . အရေးမကြီးဘူးပေါ့ဗျာ . . . (မှန်ပါ ဘုရား)။

## မျက်ရည်ကျတဲ့ဇာတ်သိမ်းကြပါ

အနတ္တပဲ ကိုယ်က ပိုင်တာကို၊ အင်း သားလည်း အဖေလည်းအနတ္တ၊ ဒါကြောင့်ပဲ. . . အနတ္တနယ်ထဲမှာဖြင့် ဘယ်သူ့ ဘယ်သူမှ မတတ်နိုင်ဘူး၊ ဒီလိုပဲ နေကြ ထိုင်ကြရတော့မှာပဲဆိုပြီး သကာလ၊ ခင်ဗျားတို့ ကျုပ်တို့တတွေ အဖေတို့ အမေတို့နဲ့ပဲ မျက်ရည်စက်လက်နဲ့ ခွဲကြရတယ်. . . (မှန်လှပါဘုရား) ဒီလို မနေဘူးလား. . . (နေပါတယ်ဘုရား) ဒီကရွေ့ကျတော့ မျက်ရည်စက်ကျတဲ့ ဇာတ်ကို သိမ်းကြပေါ့ ဗျာ. . . (မှန်ပါဘုရား) သိမ်းနိုင်ကြပလား. . . (သိမ်းနိုင်ပါပြီ ဘုရား)။

ဒါဖြင့် သားက အမေအဖေကြင်နာလို့ရှိရင်လည်း ဘာလုပ်ခိုင်းရမယ်. . . (မဂ္ဂင်အလုပ် လုပ်ခိုင်းရမယ်ဘုရား) ရှင်း ပလား. . . (ရှင်းပါပြီဘုရား) အမေက သားသမီးတွေ အဖေက သားသမီးတွေ ကြင်နာပါတယ် ယုယပါတယ်ဆိုရင်. . . (မဂ္ဂင် အလုပ်လုပ်ခိုင်းရမယ်ဘုရား)။

## ရှေးတရားတွေဖျက်တယ်လို့မဆိုနဲ့

အင်း. . . ဒါဖြင့် သူတို့ အအိုနဲ့ သူတို့အသေ တားပေးပါ၊ လမ်းကောင်းညွှန်ရာကော. . . (ရောက်ပါတယ်ဘုရား) အေးဒါကြောင့်. . . ဒီနေ့ပြောတဲ့ တရားမှာဖြင့်. . . ဒကာ ဒကာမတို့ ရှေးတရားတွေ အကုန်ဖျက်တယ်လို့လည်း ဒကာကြွယ်က မဆိုလိုက်နဲ့. . . (မှန်လှပါဘုရား) တတ်နိုင်တဲ့နည်းရှိလို့ ပြောတာ . . . (မှန်လှပါဘုရား) ဘုရား တရားတော် ဘုန်းကြီးက ပြောတာမဟုတ်ပါဘူး. . ဒီဃနိပါတ်အင်္ဂုတ္တိုရ်မှာ မဂ္ဂင်လမ်းရှိသေးတယ်ဆိုတာ မသိလို့ပြောတာဟေ့. . . (မှန်လှပါဘုရား)။

အမေက သားမကယ်နိုင်၊ သားကအမေမကယ်နိုင် ဆိုတာ မဂ္ဂင်လမ်းရှိမှန်းမသိတဲ့ ပုဂ္ဂိုလ်၏ အကြားအမြင်မရှိသော ပုဂ္ဂိုလ်တို့၏ ညည်းလုံး. . . မျက်ရည်ကျလုံး ဆိုပါလား. . . (မှန်လှပါဘုရား)။

## ဖြေဖျောက်နိုင်တဲ့နည်းရှိတယ်

ကဲ. . . ဒီကရှေ့ ဩော်. . . ဒါဖြင့် မျက်ရည်ဇာတ်လည်း သိမ်းနိုင်တဲ့ နည်းရှိသားပဲ. . . ဟုတ်လား. . . (မှန်ပါဘုရား) အင်း. . . သုံးနှစ်သုံးသီး. . . လွမ်းဆွတ်နေရတဲ့ သောကလုံးတွေ ကိုလည်း ဖြေဖျောက်နိုင်တဲ့နည်းကော. . .

(ရှိပါတယ်ဘုရား) ဘာလုပ်ကြမလဲ. . . (မင်္ဂလာ်အလုပ် လုပ်ကြ ပါမယ်ဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အေး. . . ဒါကြောင့် အခု ဒကာ ဒကာမတွေက ဖြစ်နေကြတာ. . .၊ အင်း-သားသမီးလေးတွေ ပျက်စီးကြ၊ အမေအို အဖေအိုတွေ ပျက်စီးကြပြီဆိုမှဖြင့်၊ စိတ်ပျက် ပြီးသကာလ . . . တောင်ရိုးထွက်လို ထွက်ပေါ့ဗျာ. . .၊ အမျိုး မျိုးအဖုံဖုံ. . . စိတ်ပျက်ထွက်တာပေါ့ဗျာ. . . (မှန်လှပါဘုရား)။

အင်း. . . ယူနိုင်တဲ့နည်း ကယ်နိုင်နည်း. . . ရှိပါတော့ မယ်လို့ ထွက်တာဟုတ်ကဲ့လား. . . (မဟုတ်ပါဘူးဘုရား) စိတ် ပျက်ထွက်တာ. . . (မှန်လှပါဘုရား) ဒကာကြွယ်ရေ ဒီနည်း ကော ကောင်းရဲ့လား. . . (မကောင်းပါဘူးဘုရား). . . နည်း မသိပဲကိုဗျ. . . (မှန်လှပါဘုရား)။

## အမျှပေးရင်မျက်ရည်ကျတယ်

နည်းမသိတဲ့အခါကျ သူလုပ်သရွေ့ဟာ. . . အမျှ . . . အမျှ. . . အမျှ၊ သေတဲ့လူပဲ ဆွမ်းလေးကျွေးပြန်ရင်လည်း သူ့အတွက်. . . အမျှ၊ အင်း. . . သီလလေးဆောက်တည် ပြန်လည်း. . . (သူ့အတွက်အမျှပါဘုရား) သူ့အတွက်အမျှပဲ ဆိုပြီး. . . ဒါအမျှပေးရင်း. . . မျက်ရည်ကလယ် ကလယ်လာ သေးတယ်. . . (လာသေးပါတယ်ဘုရား)။

## မဂ္ဂင်အလုပ်လုပ်ခိုင်းပါ

အဲဒါတွေသည် ဒကာ ဒကာမတို့. . . ရှေးက ထုံးစံလို့ မှတ်လိုက်စမ်းပါ. . . (မှန်လှပါဘုရား) အခုတော့ဖြင့် ဒကာကြွယ်တို့ လက်ထက်မှာ ဆရာကောင်း သမားကောင်းတွေ ကြုံ . . . ဒကာသိုက်ရေ. . . ဪ. . . အမေက သားကယ်နိုင်တဲ့ တရားထူးရှိသေးလား. . . (ရှိပါတယ်ဘုရား) သားသမီးက အမေ အဖေ ကယ်နိုင်တဲ့ တရားထူး မရှိဘူးလား . . . (ရှိပါတယ်ဘုရား) ရှိတာတွေ မသိသေးခင်က . . . ဪ မျက်ရည်စက်လက်နဲ့ ဝမ်းနည်းပြီးသကာလ အမျှသာ ဝေနေရတော့တာပဲ ဆိုတာတွေ အကုန်ဇာတ်သိမ်းပါ . . . (မှန်လှပါဘုရား)။

ဒီတစ်ခါတော့ဖြင့် . . . ကြီးတဲ့သားသမီးကိုလည်း မဂ္ဂင်အလုပ်တိုက်တွန်းပါ . . . ။

## ကယ်နိုင်ပုံလက်တွေ့ပြကြစို့

ကောင်းပြီ ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်စပါဦးတဲ့၊ ကယ်နိုင်ပုံလက်တွေ့ပြကြပါဦးစို့ . . . (မှန်လှပါဘုရား) . . . ကယ်နိုင်ပုံ လက်တွေ့ပြကြပါဦးဆိုတော့ ဒီဘက်က ဇာတိဗျာ (မှန်လှပါဘုရား)၊ ဒကာ ဒကာမတွေက တွေးတာပေါ့ဗျာ . . . (မှန်လှပါဘုရား)။

အေး . . . ကာယကံ ဝစီကံ မနောကံတွေ မသေခင် လုပ်တဲ့ ကာယကံ ဝစီကံ မနောကံတွေ၊ သည်ဇာတိရဖို့လုပ်တဲ့ ကာယကံ ဝစီကံ မနောကံတွေကြောင့် ဘာဖြစ်ရတုံး (ဇာတိ ဖြစ်ရပါတယ်ဘုရား)။

## နောင်ဘဝကောင်းစားချင်လို့

အင်း ခင်ဗျားတို့ကလည်း နောက်ဘဝ လူကောင်း နတ်ကောင်းဖြစ်ချင်ပြီဆိုမှဖြင့် ကာယကံကောင်း ဝစီကံကောင်း မနောကံကောင်းတွေနဲ့ အတော်ကြိုးစားတယ် (မှန်လှပါ ဘုရား)။

အတော်ကြိုးစားလိုက်တဲ့အခါ ဇာတိရတော့ ဇရာ မရဏတွေက မနေတော့ဘူး . . . (မှန်လှပါဘုရား)။ နေရစ် သေးရဲ့လား . . . (မနေရစ်တော့ပါဘူးဘုရား)၊ အင်း ဒါဖြင့် ဒကာ ဒကာမတို့ သားသမီးများကို ကာယကံ ဝစီကံ ကောင်း ကောင်းထားနော်၊ ဒါမှ နင်နောက်ဘဝနေရာကျမယ်တဲ့၊ ဘယ်မှာ နေရာကျမတုံး . . . သုံးခုစလုံးနေရာမကျဘူး (မှန်လှပါဘုရား) ကျသေးရဲ့လား . . . (မကျပါဘူးဘုရား)။

ဇာတိကလည်း ဒုက္ခသစ္စာ၊ ဇရာ မရဏကလည်း (ဒုက္ခ သစ္စာပါဘုရား) . . . ခင်ဗျားတို့က နေရာကျမယ်လို့ ပြောနေတာ . . .၊ နေရာကျတဲ့အကွက်ကိုပဲ ထောက်စရာပါရဲ့လား . . .

(မပါပါဘူးဘုရား)၊ ဉာဏ်ရောက်ပလား . . (ရောက်ပါပြီဘုရား) . . . ဉာဏ်ရောက်ပြီ ဒကာ ဒကာမတို့ ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

## ရုပ်ရည်ကချောပါရဲ့ အိုနာသေကပါနေတယ်

အင်း. . . လက်သည်ရှာတော့မှ မိပလား . . . (မိပါပြီဘုရား) ဒီကာယကံ ဝစီကံ မနောကံတွေနဲ့ မင်းတို့စင်စင်ကြယ်ကြယ်ဆေး . . ဟုတ်လား . . . (မှန်ပါဘုရား) . . . ဆွမ်းချက်ပြန်လို့ရှိရင်လည်း စပါးလုံးမပါစေနဲ့ . . . ဖွဲမပါစေနဲ့၊ သန့်သန့်ရှင်းရှင်း လုပ်ရတယ်ဟ. . .၊ နောက်ဘဝကျတော့ နင်သန့်သန့်ရှင်းရှင်းဖြစ်မယ်တဲ့၊ သန့်ရှင်းတာ ဘယ်သန့်ရမလဲ. . . (မှန်လှပါဘုရား) . . . ဟုတ်ဖူးလား (ဟုတ်ပါတယ်ဘုရား)။

ရုပ်ရည်ရူပကာလေးက ချောပါရဲ့ လှပါရဲ့ အို နာသေက ပါနေတော့ . . . ဒီအချောတွေက အိုနာသေထဲ ရောနေတယ်၊ ဒီအလှတွေက အို နာ သေထဲ ရောဆင်းသွားတယ် ဆိုတာ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား) ဒါဖြင့် အင်မတန်အရုပ်မဆိုးဘူးလား . . . (ဆိုးပါတယ်ဘုရား)။

## ဒီကံတွေဘယ်ကလာပါလိမ့်

ဒီကံ ဘယ်ကလာပါလိမ့် . . . (ဥပါဒါန်က လာပါတယ်ဘုရား) ဒီကလာကတည်းက ဒကာကြွယ်က စဉ်းစား ဥပါဒါန်ဆိုတာ အကုသိုလ် . . . (မှန်လှပါ) . . . အကုသိုလ်က လာတဲ့ကံဆိုတော့ ကောင်းသေးရဲ့လား (မကောင်းပါဘူးဘုရား)၊ ဥပါဒါန ပစ္စယာ ကမ္မဘဝေါ . . . ကမ္မဘဝ ပစ္စယာ ဇာတိ . . . ဇာတိပစ္စယာ (ဇရာ မရဏပါဘုရား)၊ ကယ်နိုင်တာ ပါသေးလား . . . (မပါပါဘူးဘုရား)၊ ပါသေးရဲ့လား (မပါပါဘူးဘုရား)။

## ဥပါဒါန်ဘယ်ကလာပါလိမ့်

အားလုံး ဒကာ ဒကာမတို့ ကယ်နိုင်တဲ့တရား ပြတော့မယ်ဆိုတော့ကို အတော်လေးကို နောက်ဆုတ်နားလည်မှဖြစ်တော့မယ်၊ ဒီဥပါဒါန် ဘယ်ကလာပါလိမ့် တဏှာကလာတယ်၊ တဏှာပစ္စယာဥပါဒါန်ကို . . . လက်သည်တွေကိုက ဒကာသိုက်တို့က စဉ်းစား (၁) ကော၊ (၂) ကော (၃) ကော ကောင်းရဲ့လား . . . (မကောင်းပါဘူးဘုရား)။

ဒါကြောင့် သားသမီးတွေဖြစ်စေ မိမိတို့ဖြစ်စေ အို နာသေနဲ့ မိတ်ဆွေဖြစ်နေတာ . . . မဖြစ်ဘူးလား . . . (ဖြစ်ပါတယ်ဘုရား) . . . တယ်ကြောက်စရာကောင်းပါလား . . . (မှန်လှပါဘုရား). . . သဘောပါပလား . . . (ပါပါပြီဘုရား)။

## တဏှာဘယ်ကလာပါလိမ့်

ဒီတဏှာ ဘယ်ကလာပါလိမ့်မတုံး . . . (ဝေဒနာက လာပါတယ်ဘုရား)၊ ဒီဝေဒနာဘယ်ကလာပါလိမ့် . . . (ဖဿကလာပါတယ်ဘုရား) . . . ဖဿကလာတယ်ဆိုတာ ပေါ်နေပြီ . . . (မှန်လှပါဘုရား)၊ ဖဿ ဘယ်ကလာပါလိမ့် . . . (သဠာယတနကလာပါတယ်ဘုရား) . . . သဠာယတန က လာတယ်ဆိုတော့ ဒကာ ဒကာမတွေက သိပြီးသားမို့ ရှင်း မနေဘူးလား. . .။

သဠာယတန ဘယ်ကလာတုံး . . . (နာမ်ရုပ်က လာပါ တယ်ဘုရား) အေး . . . နာမ်ရုပ်ကလာတယ်ဆိုတာသိပြီ နာမ်ရုပ်ဘယ်ကလာပါလိမ့် (ဝိညာဏ်ကလာပါတယ်ဘုရား) . . . ဝိညာဏ်ကလာတယ် ဝိညာဏ်ဆိုတာသိပြီ။

## တရားအားမထုတ်တဲ့အချိန်မှာ (၈)ခု

အင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ မိမိခန္ဓာဟာ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈ မိမိခန္ဓာဟာ ဘယ်နှစ်ခုပါလိမ့် (၈-ခုပါ ဘုရား . . . ) ယခုဘဝခန္ဓာလေဗျာ . . . (မှန်ပါဘုရား)၊ ယခုဘဝခန္ဓာ ဘယ်နှစ်ခုပါလိမ့် (ရှစ်ခုပါ) အနာဂတ်ခန္ဓာက (၃)ခု၊ သဘောကျပလား . . . (ကျပါပြီဘုရား) ယခုဘဝ ခန္ဓာ နေ့တိုင်းဖြစ်နေတာက . . . (ရှစ်ခုပါဘုရား). . . တရားမနာ

တဲ့အချိန်မှာ ရှစ်ခု . . . တရားအားမထုတ်တဲ့အချိန်မှာ . . . (ရှစ်ခုပါဘုရား) . . . တရားအားထုတ်တဲ့အချိန် . . . (၅ခုပါဘုရား)။

## တရားအားထုတ်တဲ့အချိန် (၅) ခု

တရားအားထုတ်တယ်ဆိုရင်ပဲ ဒကာ ဒကာမတို့ ၁ ရယ်၊ ၂ ရယ်၊ ၃ ရယ်၊ ၄ ရယ်၊ ၅ ရယ် ဟုတ်လား . . . အဲတော့ ဒကာ ဒကာမတို့ ဒီကြားထဲမှာ မဂ္ဂင်ငါးပါးနဲ့ အားထုတ်၊ အားထုတ်၊ မဂ္ဂင်ရှစ်ပါးနဲ့ အားထုတ်၊ အားထုတ်၊ တရားနာတဲ့အချိန်မှာပဲ ဒီဘက်က ဘယ်သူပြတ်သွားတုံး. . . (အို နာ သေ လုပ်မယ့်တရားသုံးခုပြတ်သွားပါတယ်ဘုရား)။

## အိုနာသေလုပ်မည့်တရားပြတ်တယ်

ဒါ တရားနာလိုက်တာနဲ့ တရားအားထုတ်လိုက်တာနဲ့ . . . ဘာပြတ်သွားတုံး . . . (အို နာ သေ လုပ်မည့်တရားပြတ်သွားပါတယ်ဘုရား) . . . အင်းဒီဘက်က တရားတွေက မိစ္ဆာတရားတွေပါလားလို့ ဒီကနေညာဏ်နဲ့သွင်းလိုက်. . .၊ ဒီကနေညာဏ်ကသွင်းလိုက်တော့၊ ဒီမဂ္ဂင် ပထမရှေးဦးစွာ ငါးပါးဖြစ်မှာပေါ့ . . . (မှန်လှပါဘုရား) . . . မဖြစ်ပေဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

ငါးပါးဖြစ်တုန်းက၊ ကတည်းက သူတို့လာသေးရဲ့လား (မလာပါဘူးဘုရား) လာသာမလာတာ ဒကာ ဒကာမတို့ ငါးပါးဖြစ်တုန်းကတော့ သူကိုအမြစ်ပြတ်အောင် . . . သတ်နိုင်တဲ့ ငါးပါးမဟုတ်ဘူး . . . (မှန်ပါဘုရား) . . . သတ်နိုင်ပ့ါမလား (မသတ်နိုင်ပါဘူးဘုရား)။

## အပါယ်သွားမည့်ကံတွေအကုန်ချုပ်တယ်

မသတ်နိုင်သေးတော့ . . . ဒကာ ဒကာမတွေက ထပ်ပြန်တလဲလဲ ကြိုးစားလိုက်တာပေါ့ . . . (မှန်ပါဘုရား)၊ သဘောကျပလား (ကျပါပြီဘုရား) . . . ထပ်ပြန်တလဲလဲ ကြိုးစားလိုက်တော့ ဒကာကြွယ်တို့ ဦးလှဘူးတို့ မဂ္ဂင်ရှစ်ပါး မဖြစ်ဘူးလား . . . (ဖြစ်ပါတယ်ဘုရား) . . . ရှစ်ပါးဖြစ်သည်နှင့် တစ်ပြိုင်နက်တည်း တဏှာ ဥပါဒါန် ကံတွေ. . . အပါယ် သွားစေတတ်တဲ့ကံတွေ အကုန်ချုပ်တယ် (မှန်ပါဘုရား)။

အပါယ်ခန္ဓာဖြစ်သေးရဲ့လား . . . (မဖြစ်ပါဘူးဘုရား) အို နာ သေ ကော (မဖြစ်ပါဘူးဘုရား) . . . ကိုယ်ကိုယ်တိုင် အားထုတ်လည်း . . . အို နာ သေ လွတ်ပါလား . . . သားသမီး တွေ တိုက်တွန်းနှိုးဆော်လိုက်ပြန်တော့ကော . . . (အို နာ သေ လွတ်ပါတယ်ဘုရား) . . . အို နာ သေ မလွတ်ဘူးလား . . . (လွတ်ပါတယ်ဘုရား)။

## မဂ္ဂင်အလုပ်လုပ်ဖို့တိုက်တွန်းပါ

ဒါဖြင့် ခင်ဗျားတို့ ချစ်တာ ခင်တာ ကြင်နာတာတွေ ဘယ်နေရာမှာ အသုံးချမလဲဆိုတာ ယနေ့ပေါ်လာပြီ . . . (မှန်လှပါဘုရား) ဘယ်လိုများပေါ်တုံး . . . (မဂ္ဂင်အလုပ်ကို တိုက်တွန်းရမယ်) . . . မဂ္ဂင်ရှစ်ပါး တိုက်တွန်း . . . မဂ္ဂင် အလုပ် လုပ်ကြ . . . (မှန်လှပါဘုရား) ဒါသာလျှင် ခင်ဗျားတို့ နင်တို့ အိုတာ နင်တို့ နာတာတွေ မကြည့်ချင်ဘူး၊ ငါအိုတာ ငါနာတာကိုလည်း နင်တို့ သားသမီးတွေက ကြည့်နိုင်ကြမှာ မဟုတ်ဘူး၊ အဲတော့ကို နင့်ကိုလည်း ငါကယ်နိုင်တဲ့တရားရှိ တယ်၊ ငါ့ကိုလည်း နင်ကယ်နိုင်တဲ့တရားရှိတယ်ဆိုပြီးသကာလ နင်လည်း မဂ္ဂင်အလုပ်လုပ် . . . (မှန်လှပါဘုရား) ငါလည်း မဂ္ဂင်အလုပ် လုပ်မယ်ဆိုလို့ရှိရင်ဖြင့် . . . တစ်ယောက် တစ်ယောက် လွမ်းစရာရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)။

ဆွေးစရာကော . . . (မရှိပါဘူးဘုရား) . . . မျက်ရည်ကျစရာကော . . . (မရှိပါဘူးဘုရား) . . . မရှိတော့ ဘူးဆိုတာ ပေါ်လာပလား . . . (ပေါ်လာပါပြီဘုရား)။

## မကျေနပ်တဲ့ဓာတ်သိမ်းနည်း

အင်း . . . ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့က . . . ရှေ့မှောက်က ပျောက်သွားမှာစိုးရိမ်တယ်. . . (မှန်လှပါ)

သဘောကျပလား (ကျပါပြီဘုရား) ရှေ့မှောက်က သားနဲ့ခွဲရ မယ် . . . သမီးနဲ့ခွဲရမယ်ဆို ဘယ့်နှယ်များနေကြတုံး. . . (မကျေနပ်ပါဘူးဘုရား) အင်း. . . အိမ်ထောင်ရက်သားကျလို့ အိမ်ပြောင်းမှာတောင် ကျေနပ်ကဲ့လား. . . (မကျေနပ်ပါဘူး ဘုရား) မကျေနပ်ဘူး. . . (မှန်လှပါဘုရား)။

တကယ်လို့ ရောဂါဝေဒနာရလို့ သေကြမယ်၊ နာကြ မယ်ဆိုရင်ကော . . . (မကျေနပ်ပါဘူးဘုရား). . . သာပြီး မကျေနပ်သေးတယ်၊ . . . အဲဒီ မကျေနပ်ဇာတ်တွေကို ဒကာသိုက်ရေ သိမ်းနိုင်တဲ့နည်း ယနေ့တွေ့ပလား . . . (တွေ့ ပါပြီဘုရား) ဘာလုပ်ရမတုံး (မဂ္ဂင်အလုပ် လုပ်ရမယ်ဘုရား)။

## ဆရာဘုန်းကြီးနဲ့ကြုံလို့နည်းရကြပြီ

မဂ္ဂင်အလုပ် လုပ်လိုက်တော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ . . . ဩော် မကျေနပ်တဲ့ ဇာတ်တွေကို သားသမီး အပေါ် မကျေနပ်တဲ့ဇာတ်၊ သားသမီးက အမေ အဖေအပေါ် မကျေနပ်တဲ့ ဇာတ်တွေကို အမျိုးမျိုးကို သိမ်းနိုင်တဲ့နည်းလမ်း ဟာ ဆရာဘုန်းကြီးနဲ့ ဘုရားသာသနာကြုံလို့ ယခုအခါမှာ နည်းရကြပြီ။

ဩော်-ဒီဇာတ်သိမ်းနည်းဟာ ဘယ်အခါကာလမှ နောက်လည်းတွေ့မှာမဟုတ်ဘူး . . . ဟုတ်ပလား . . .

(ဟုတ်ပါပြီဘုရား) . . . အခုတွေ့တုန်းကို ဇာတ်သိမ်းလိုက်မှ ပဲဆိုတဲ့စိတ် မွေးဖြစ်အောင် မွေးပါ. . . (မှန်လှပါဘုရား)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

## တောဒေးယျပုဏ္ဏားခွေးဖြစ်တယ်

သားတွေ သမီးတွေ ခင်ဗျားတို့က ငါသေလို့ရှိရင် အမွေတွေ ထားပစ်ခဲ့တယ်၊ အင်း နင်တို့က မသုံးတတ် သုံးတတ်နဲ့ နင်တို့အတွက်တော့ ငါစိတ်မချဘူးဆို . . . စိတ်မချဘဲနဲ့ သေရတယ် (မှန်လှပါဘုရား)၊ သဘောကျပလား (ကျပါပြီဘုရား) . . . စိတ်မချဘဲနဲ့သေရတော့ အဖေ အမေမှာ ပစ္စည်းလည်းထားခဲ့ရသေးတယ်၊ စုတေ မနေ သေလွန်ပြီး အခြားမဲ့၌ တောဒေးယျတို့မှာ ခွေးလည်းဖြစ်ရသေးတယ် . . . (မှန်လှပါဘုရား) မဖြစ်ဘူးလား . . . (ဖြစ်ပါတယ်ဘုရား) . . . တောဒေးယျပုဏ္ဏားကြီးက ခွေးဖြစ်ရှာတယ်၊ သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီတော့ စိတ်မချလုံးတွေကို . . . ခင်ဗျားတို့ စိတ်မချခြင်းကြောင့်လည်း ဒကာကြွယ်ရေ ခွေးဖြစ်ရတဲ့ ဝဋ် (မှန်လှပါဘုရား) . . . ကောင်းသေးရဲ့လား . . . (မကောင်းပါဘူးဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

## စိတ်ချရတဲ့မဂ္ဂင်အလုပ် လုပ်ပါ

အဲတော့ အဲဒီ စိတ်ချရတဲ့အလုပ် . . . တွေ့ပလားလို့ ယနေ့ မေးလိုက်တယ် . . . (တွေ့ပါပြီဘုရား) . . . ဘယ်လို များ တွေ့ပါလိမ့် . . . (မဂ္ဂင်အလုပ်နဲ့တွေ့ပါတယ်ဘုရား) ဒကာ ဒကာမတို့ ဘာအလုပ်ကြိုးစားရမယ် . . . (မဂ္ဂင်အလုပ် ကြိုးစားရမယ်ဘုရား)၊ ဒါဟာလည်း သားသမီးခန္ဓာပဲဗျ အမေ မိဘခန္ဓာကော မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)၊ အဲတော့ အမေမိဘလည်း ဒီကနေ ဖြတ်လို့ရှိရင် . . . ဒီဘက် အိုသေ တွေ လာသေးရဲ့လား . . . (မလာပါဘူးဘုရား) . . . သားသမီးကလည်း ဒီကနေပြီး ဖြတ်လိုက်လို့ရှိရင် ပဋိသန္ဓေ နေမှု၊ အိုမှု၊ သေမှု ရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)။

## မခွဲချင်ဘူးဆိုရင်နိဗ္ဗာန်သွားနေကြ

အင်း ဒါဖြင့် အမေက အဖေကို ကြင်နာပါတယ် . . . ယုယပါတယ်. . .။ အကြောင်းတိုက်ဆိုင်လို့ တွေ့ရခြားသော် လည်း၊ ငါတို့ဖြင့် မင်းတို့အပေါ်မှာ ဘယ်နည်းနဲ့မှ မခွဲချင်ဘူးဆို လို့ရှိရင်၊ နှစ်ယောက်စလုံး နိဗ္ဗာန်မှာသွားနေ . . . (မှန်လှပါ ဘုရား) . . . မခွဲရဘူး . . . ခွဲရသေးရဲ့လား . . . (မခွဲရပါ ဘူးဘုရား)။

အဲတော့ ခင်ဗျားတို့က ဒီလိုလုပ်တာ မဟုတ်ဘူး၊ ခွဲရပြီ ဆို ရင်ထုတော့ ကောင်းသေးရဲ့လား၊ ဩော်-လမ်းက သိပ်လွဲ နေတာကို . . . (မှန်လှပါဘုရား) . . . မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား)။

အေး ဒါ့ကြောင့် တစ်ယောက် တစ်ယောက် ခင်ဗျားတို့ က မေးတဲ့အခါကျလို့ရှိရင် မနက်ဖြန်ကျလို့ရှိရင်ဖြင့် ဘယ်သူ ဘာဖြစ်သတဲ့ဆိုတာ မြို့ကြီးတွေကျတော့ ကြားကြရတယ်. . . (မှန်လှပါဘုရား) . . . မကြားရဘူးလား . . . (ကြားရပါတယ် ဘုရား)။

ဩော်-ဖြစ်မှဖြစ်ရလေ . . . ကျုပ်ဖြင့် စိတ်မကောင်း ဘူး၊ ဒါပဲ ခင်ဗျားတို့က . . . စိတ်မကောင်းဘူးဆိုတာနဲ့ နေ့ တိုင်း ဇာတ်သိမ်းနေတာပဲ . . . (မှန်လှပါဘုရား) . . . စိတ် ကောင်းမှုလာရဲ့လား . . . (မလာပါဘူးဘုရား)၊ ဖြစ်မှဖြစ်ရ လေဗျာ . . . ကျုပ်အင်မတန် ရင်းနှီးတဲ့မိတ်ဆွေ ထိုက် သလောက်လည်း အားကိုးရတဲ့မိတ်ဆွေပဲ . . . သေသွားရှာ သတဲ့ဆိုပြီးသကာလ ခင်ဗျားတို့ ဒါ ကိုယ်အသက် ရှင်သလောက် ဒီဥစ္စာဟာ ဒုက္ခဒေါမနဿ လာနေမှာပဲ . . . (လာမှာပါဘုရား) ကိုယ့်အတွက်ကော . . . (လာနေမှာပါဘုရား)။

သားသမီးအတွက်ကော . . . (လာနေမှာပါဘုရား) မိတ်ဆွေသင်္ဂဟတွေအတွက်ကော . . . (လာမှာပါဘုရား)။

## ရှေ့ငါးပါးကိုဖြစ်ပျက်ရှုပါ

အဲဒီ ကိုယ့်အတွက်ရော သားသမီးအတွက်ရော မိတ်ဆွေသင်္ဂဟအတွက်ရော . . . ဇာတ်သိမ်းရအောင် ဒကာ ဒကာမတို့ မဂ္ဂင်အလုပ်နဲ့ ဉာဏ်နဲ့ ဒီဘက် ရှေ့ငါးခုကို ဖြစ်ပျက် ရှုပါ . . . (မှန်လှပါဘုရား)။

ဘယ့်နှယ်တုံး . . . (ရှေ့ငါးခုကို ဖြစ်ပျက်ရှုပါဘုရား) ရှေ့ငါးခု ဖြစ်ပျက်ရှုရမယ်၊ ရှေ့ငါးခုကိုလည်း ငါးခုလို့ ပြောပြား သော်လည်း တစ်ခုတည်းရှု . . . (မှန်လှပါဘုရား) . . . သဘောကျပလား . . . (ကျပါပြီဘုရား)၊ ဘာတဲ့ (တစ်ခုတည်း ရှုရမှာပါဘုရား) . . . တစ်ခုတည်းရှု အကုန်ပါတယ်ဆိုတာ ဒကာကြွယ်ရေ ရှင်းမနေဘူးလား . . . (ရှင်းပါတယ်ဘုရား)။

## လုပ်နည်းကတိုပြီး အမြတ်ကြီးရတယ်

ရုပ်ရှု. . . နာမ်ပါတယ် မဟုတ်လား . . . (ဟုတ်ပါ တယ်ဘုရား) နာမ်ရှု (ရုပ်ပါပါတယ်ဘုရား) . . . အေး ဒါဖြင့် တစ်ခုခုရှုလိုက်ရင် ဒကာသိုက်ရေ . . . မပြီးဘူးလား (ပြီးပါ တယ်ဘုရား) . . . ဒါဖြင့် နည်းကလည်းတိုတို . . . အမြတ် ကလည်းကြီးကြီး . . . (မှန်လှပါဘုရား)။

ဒကာ ဒကာမတွေ ပြတ်နည်းကလည်း အင်မတန်တိုပါ တယ်၊ အမြတ်ကလည်း ကြီးလိုက်တဲ့ဖြစ်ခြင်း၊ သားသမီးလည်း

အို နာ သေ လွတ်၊ ဆွေမျိုးဉာတကာတွေကော (အို နာ သေ လွတ်ပါတယ်ဘုရား) . . . မိမိကော (အို နာ သေ လွတ်ပါတယ်ဘုရား)။

ဒါဖြင့် အမြတ်ကလည်း သည်ထက်ကြီးရှိသေးရဲ့လား (မရှိတော့ပါဘူးဘုရား) . . . အခုတော့ဖြင့် ဒကာ ဒကာမတွေ ဒီလမ်း ဒီစခန်းကို ဒီအကျင့်လမ်းကို မသိတဲ့အတွက်၊ ကိစ္စရှိရင် ကျုပ်ကိုယ်ကျိုးနည်းတာပဲ . . .၊ သူ့ဆီ ကြွေးဘယ်လောက်ရှိတယ် . . . ဟုတ်လား . . . (ဟုတ်ပါတယ်ဘုရား) ဒါတွေ လက်မှတ်ကလည်းမထိုးရဘူး . . . အစရှိသည်နဲ့ ထိုးထားတယ် သူတို့က သားတွေ သမီးတွေက မဆပ်ဘူးဆိုရင် ဘယ့်နဲ့မှ မတတ်နိုင်ဘူး . . .၊ ကိုယ်ကျိုးချည်းနည်းနေမှာပဲ (မှန်လှပါဘုရား) . . . မနည်းပေဘူးလား (နည်းပါတယ်ဘုရား)။

## ကိုယ်ကျိုးနည်းတဲ့ဇာတ်ကိုသိမ်းကြပါ

ကိုင်းဒါနဲ့သာ အချိန်ကုန်ကြမှာ ဖြစ်လေတော့၊ ကိုင်း ကိုယ်ကျိုးနည်းဇာတ်ကိုလည်း ဒကာကြွယ်ရေ သိမ်းလိုက်ပါတော့ . . . (မှန်လှပါဘုရား) ဘယ်လိုသိမ်းရမလဲ . . . (ကိုယ်ကျိုးနည်းဇာတ်ကိုသိမ်းရမှာပါဘုရား) . . . ဘာနဲ့သိမ်းကြမလဲ (မဂ္ဂင်အလုပ် လုပ်သိမ်းရမှာပါဘုရား) . . . မဂ္ဂင်အလုပ်

လုပ်ပြီးသိမ်းလိုက်လို့ရှိရင်ဖြင့် . . . ကိုယ်ကျိုးနည်းဇာတ်ရော သူကျိုးနည်းဇာတ်ရော . . . အကုန်သိမ်းပေ့ါဗျာ . . . (မှန်လှပါဘုရား)။

သူကျိုးနည်းတာပဲ . . . ကိုယ်ကျိုးနည်းတာပဲ . . . ဆိုတဲ့ဥစ္စာတွေ အကုန်ဇာတ်သိမ်းပြီး သကာလ၊ မဂ္ဂင်ဆိုတဲ့ လွတ်မြောက်ရာနိဗ္ဗာန်ကို သေသေချာချာရောက်ပါတယ် . . . (မှန်ပါ) မရောက်ပေဘူးလား . . . (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ . . . ရှေ့ပိုင်းက ဘယ်နှစ်ခု ရှိပါလိမ့် . . . (ငါးခုရှိပါတယ်ဘုရား)၊ ငါးခုရှိတဲ့အခါကျတော့ အင်း-ဒီထဲက ဝိညာဏ်ဆိုတဲ့ဥစ္စာလေးရှိနေပြီပေ့ါဗျာ . . . မရှိဘူးလား . . . (ရှိပါတယ်ဘုရား)။

## မြင်ရုပ်၊ မြင်စရာ၊ မြင်စိတ်

အဲတော့ ဒကာ ဒကာမတို့ ဒါလေးကစိတ်ပေ့ါဗျာ၊ မြင်စိတ်ကလေးထားပါ၊ မြင်တဲ့စိတ်ကလေး ဒါက မြင်စရာ ပစ္စည်းလေး (မှန်လှပါဘုရား)၊ သဘောကျပလား . . . ဒါက ဘာပါလိမ့် . . . (မြင်စရာပစ္စည်းလေးပါဘုရား) . . . မြင်စရာပစ္စည်းလေးတစ်ခုထားလိုက်၊ ဒါဖြင့် ဒါက မြင်ရုပ်၊ ဒါက မြင်စရာ . . . အဆင်းပေ့ါ . . . (မှန်ပါဘုရား)။

ဒီကမြင်စိတ် . . . သဘောကျပလား . . . (ကျပါပြီ ဘုရား)၊ မျက်လုံးထဲမှာ . . . မျက်လုံးကန်းနေတဲ့ ပသာဒ ချို့ယွင်းနေတဲ့ပုဂ္ဂိုလ်ကျတော့လည်း မမြင်ဘူးဗျ . . . (မှန်ပါ ဘုရား)၊ အဲတော့ မျက်လုံးရုပ်ကယ် . . . မြင်စရာတစ်ခုခု ဖြူနီကြောင်ကြားဆိုတဲ့ အဆင်းရယ် မျက်လုံးရုပ်နဲ့ ဒါနဲ့ တည့် လိုက် . . . ဘာပေါ်ပဲ့မလဲ . . . (မြင်စိတ်ပေါ်ပါတယ် ဘုရား) . . . မြင်စိတ်ပေါ်တယ်ဆိုတော့ ဒကာကြွယ်ရေ ရှင်းမနေ ဘူးလား . . . (ရှင်းပါတယ်ဘုရား)။

## မှန်ရှေ့မှာလူရပ်ရင်လူရိပ်ပေါ်

မှန်နဲ့လူနဲ့တည့်လိုက်၊ ပြဒါးသုတ်ထားတဲ့ မှန်ရှေ့မှာ လူသွားရပ်လိုက်ပါ၊ အရိပ်ဟာ အလယ်မှာ ပေါ်တယ် (မှန်လှ ပါဘုရား) . . . အင်း ဘယ့်နှယ်ကြောင့် ပေါ်ပါလိမ့်မတုံး မေးခွန်းထုတ်လို့ရှိရင် . . . ရှေ့ကလူလည်းရှိလို့ . . . (မှန်ပါ ဘုရား) . . . မှန်ကော (ရှိလို့ပါဘုရား) ဒါကြောင့် အရိပ် အလယ်မှာ ပေါ်လာရတယ် . . . (မှန်လှပါဘုရား)။

ဒီမှာလည်း . . . မှန်နဲ့တူတဲ့ မျက်လုံးအကြည်လေးရှိ လို့ . . . ဒီကရပ်တဲ့လူ ရှေ့ကလည်း ရှိလို့ . . . (ရှိပါတယ် ဘုရား)၊ အရိပ်သဖွယ် မြင်စိတ်ပေါ်တယ် . . . ပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)။

အဲဒီတော့ ဒီသုံးခုပေါ် တယ်ဆိုတာ သဘောကျပလား (ကျပါပြီဘုရား) . . . "**တိဏ္ဏံ သင်္ဂတိ ဖဿော**" ဆိုတော့ ဖဿကလည်း ဒီထဲတွဲလျက်ပဲ . . . (မှန်လှပါဘုရား)။ ဝေဒနာကော . . . (တွဲလျှက်ပါဘုရား) . . . တွဲလျှက်ဖြစ်ပြီး သကာလနေတော့ ဒီထဲက မြင်တယ်ဆိုရင် မြင်စိတ်ကလေးကို ဖြစ်ပြီးပျက်တာပဲ . . . ခဏနေပြီး ခဏပျက်တာပဲလို့ ဒီကနေ မဂ္ဂင်နဲ့ ရှုပေး . . . (မှန်လှပါဘုရား)။

## မြင်စိတ်ဟာ မြင်ပြီးပျက်တယ်

ကိုယ့်မျက်လုံးထဲကို မြင်တဲ့စိတ်ကလေးက မြင်ပြီး ပျက်တာပဲလို့သာရှုပါ (မှန်ပါဘုရား)၊ ကြားတဲ့စိတ်ကလေးက (ကြားပြီးပျက်တာပဲလို့ရှုရမှာပါဘုရား) . . . ကြားပြီးပျက်တာပဲ လို့ ဉာဏ်ကလေးနဲ့သာ ရှုပေးပါ . . . သဘောကျပလား။

အေး . . . နံတဲ့စိတ်ကလေးကော (နံပြီးပျက်တာပဲ) စားတဲ့စိတ်ကလေးကော (စားပြီးပျက်တာပဲ) . . . ယားတဲ့ယံတဲ့ စိတ်ကလေးကာ . . . (ယားယံပြီးပျက်တာပါ) . . . ကြံတဲ့ စိတ်ကလေးကော . . . (ကြံပြီးပျက်တာပဲ) . . . ကြံပြီးပျက် တာပဲလို့ ဒီစိတ်ကလေးကို ရှုပေးလို့ရှိရင် သူကအပျက်၊ ရှုတာက မဂ်လာဖြစ်တယ် (မှန်ပါဘုရား) . . . မဖြစ်ဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။

## မင်္ဂဆိုတော့ဥပါဒါန်၊ ကံချုပ်တယ်

မင်္ဂဆိုတော့ ကိလေသာ သေစေတယ်ဆိုတာကော သဘောကျပလား . . . (ကျပါပြီဘုရား) . . . တဏှာတွေ ဥပါဒါန်တွေ ကံတွေ ဘယ့်နဲ့နေပါလိမ့် . . . (ချုပ်သွားပါတယ်ဘုရား) . . . တဏှာတွေ ဥပါဒါန် ကံတွေ ဒကာ ဒကာမတို့ မချုပ်ဘူးလား . . . (ချုပ်ပါတယ်ဘုရား) . . . သူတို့ ချုပ်ပေ့ါဗျာ . . . သားသမီးခန္ဓာပေါ်သေးရဲ့လား . . . သားသမီး အိုသေ (မပေါ်ပါဘူးဘုရား)။

မိမိခန္ဓာရော . . . (မပေါ်ပါဘူးဘုရား) . . . အင်း-မိမိအိုသေကော . . . (မပေါ်ပါဘူးဘုရား) . . . ဒါဖြင့် ဒကာ ဒကာမတို့ အင်း-ဒါဖြင့် ကိုယ့်စိတ်ကို ရှုရတဲ့အဓိပ္ပါယ်ဟာ တယ်ကောင်းပါလား . . . (မှန်လှပါဘုရား)။

## အကြောင်းနှစ်ခုတိုက်ဆိုင်လို့ပေါ်တဲ့စိတ်

ကိုယ့်စိတ်ကို ရှုရတဲ့ အဓိပ္ပါယ်သည် ကိုယ့်စိတ်သာ ဆိုရတာ အပြောမို့ ဘုန်းကြီးက ကိုယ့်စိတ်ပြောနေရတာ . . . ဒီစိတ်ကလေးဟာ အကြောင်းနှစ်ခု တိုက်ဆိုင်လို့ ပေါ်လာတဲ့ စိတ် . . . (မှန်လှပါဘုရား) ကိုယ့်စိတ်ကို မဟုတ်ဘူး . . . (မှန်လှပါဘုရား) . . . ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ အဲဒီကဲ့သို့ သိထားတော့ ဘယ်စိတ်ပေါ်ပေါ် အကြောင်းနှစ်ခု တိုက်ဆိုင်လို့ပဲ . . . (မှန်လှပါဘုရား)၊ မြင်စိတ်ပေါ်လည်း အကြောင်းနှစ်ခု တိုက်ဆိုင်လို့ပါဘုရား . . . နံ့စိတ်ကလေးပေါ်လာရင် . . . (အကြောင်းနှစ်ခု တိုက်ဆိုင်လို့ပါဘုရား) . . . အင်း စားတဲ့စိတ်ကလေး (အကြောင်းနှစ်ခု တိုက်ဆိုင်လို့ပေါ်တာပါဘုရား) . . . လျှာလည်းမရှိဘူး ထည့်တဲ့ချိုချင်လည်းမရှိဘူးဆိုရင် . . . ဘယ့်နှယ့် စားချင်စိတ်ကလေး . . . ကောင်းတဲ့ ဆိုးတဲ့ စိတ်ကလေး . . . ပေါ်ပါ့မလား . . . (မပေါ်ပါဘူးဘုရား)။

အဲဒါတွေ ထောက်ပြီးသကာလ . . . အထည်အဝတ်လည်း ခြုံတယ်၊ လေလည်းမတိုက်ဘူးဆိုရင်ဖြင့် အေးတယ်ဆိုတဲ့ ကိုယ်ပေါ်မှာ အေးသည့်ရုပ်ကလေးပေါ်ပါ့မလား . . . (မပေါ်ပါဘူးဘုရား)၊ ဘာမှ မတွေးဘဲနေ ကြံစိတ်ကော (မပေါ်ပါဘူး) အဲတော့ ကြံစိတ်လာလည်း ဒီကြံစိတ် ရှိ-မရှိကို ဒီမဂ်နဲ့ တွေးလိုက်၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

## ရှေ့ကအပျက်၊ နောက်ကမဂ်

ထိုကဲ့သို့တွေးလိုက်ပြီဆိုမှဖြင့် . . . ဘုန်းကြီးတို့ ဒကာဒကာမတွေ ကိုယ့်စိတ်ဟာ အပျက်တွေပါလား . . . (မှန်လှပါဘုရား) . . . သဘောကျပလား. . . (ကျပါပြီဘုရား)၊

ကိုယ့်စိတ်အပျက်ကို ကိုယ့်မင်္ဂနဲ့ မသိဘူးလား . . . (သိပါတယ်ဘုရား)။

ဒါဖြင့် အပျက်နဲ့ မင်္ဂနဲ့ ကိုက်သွားတဲ့အခါကျလို့ရှိရင်ဖြင့်၊ ရှေ့ကအပျက် နောက်ကမင်္ဂနဲ့ကိုက်သွားရင် တဏှာ၊ ဥပါဒါန်၊ ကံ ဘယ့်နှယ်လုပ်မတုံး . . . (မရှိတော့ပါဘူးဘုရား) ဒါဖြင့် သားသမီး အိုသေကော ကယ်နိုင်ပါ့မလား . . . (ကယ်နိုင်ပါပြီဘုရား)၊ မိမိ အိုသေကော ရှိသေးရဲ့လား . . . (မရှိတော့ပါဘူးဘုရား)။

## အိုသေကြောက်ရင်ဒီအလုပ်လုပ်ပါ

ဒါဖြင့် အိုရမှာ နာရမှာ သေရမှာ မိမိကြောက်လည်း ဒီအလုပ် လုပ် . . . (မှန်ပါဘုရား)၊ သားသမီးများ အိုမှာ နာမှာ သေမှာ ကြောက်ရင်လည်း . . . (ဒီအလုပ်လုပ်ရမှာပါဘုရား) . . . ဒီအလုပ်မှတစ်ပါး ကိုးစားရာ အားထားရာ ရှိသေးရဲ့လား . . . (မရှိတော့ပါဘူးဘုရား) ဒါဖြင့် ကယ်နိုင်တဲ့လမ်း၊ ကယ်နိုင်တဲ့အကျင့်၊ ကယ်နိုင်တဲ့ လမ်းဆိုတာက . . . ဒါ မဂ္ဂင်ရှစ်ပါး မဂ္ဂင်လမ်းမတော်ကြီး . . . လာဖြစ်တယ် (မှန်ပါဘုရား) . . . ဟုတ်လား . . . ကယ်နိုင်တဲ့အကျင့်ဆိုတာ ရှေ့က အဖြစ်အပျက်တွေကို နောက် မင်္ဂနဲ့ရှုပေးတော့ ဒီအကျင့်မဖြစ်သေးဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။

## ကယ်နိုင်တဲ့လမ်းတွေ့ပြီ

ဒါဖြင့် ဒကာ ဒကာမတို့ ... ကယ်နိုင်တဲ့အကျင့်လည်းတွေ့ပြီ ... (မှန်ပါဘုရား) ကယ်နိုင်တဲ့လမ်းကော ... (တွေ့ပါပြီဘုရား) ... ဒီလမ်းက တဏှာသတ်တဲ့လမ်း... (မှန်လှပါဘုရား) တဏှာသတ်တော့ ဒီက ဒုက္ခတွေကကော (အကုန်ချုပ်ပါတယ်ဘုရား)၊ ဒီဘက်က သမုဒယသစ္စာတွေ အကုန်သတ်...၊ ဒီဘက်က ဒုက္ခသစ္စာတွေကော ... (အကုန်ချုပ်ပါတယ်ဘုရား)။

## ကျွတ်တမ်းဝင်တဲ့ပုဂ္ဂိုလ်တွေ

အင်း-ဒီလမ်းသည်ကားဆိုရင် ဒကာ ဒကာမတို့ ကျင့်ကောင်းတဲ့လမ်း ... ပွားကောင်းတဲ့ (လမ်းပါဘုရား)၊ ဘုရားအဆူဆူနဲ့တကွ ... ဘုရားတစ်ဆူတစ်ဆူနောက်မှာ ဒီလမ်းလိုက်တဲ့ ပုဂ္ဂိုလ်ဟာတဲ့ (၂၄) သင်္ချေရှိတယ်၊ ကုဋေရှစ်ဆယ်၊ ကုဋေပေါင်းက ရှစ်ဆယ်ရှိတယ်၊ ဗိုလ်ခြေတစ်သိန်းရှိတယ်၊ ဒီလမ်းချည်းလိုက်သွားတာ ... (မှန်လှပါဘုရား) ... အငိုလွတ်အတွေးလွတ်တွေ (မှန်လှပါဘုရား) ... မလိုက်ပေဘူးလား ... (လိုက်ပါတယ်ဘုရား)။

အဲတော့ ဘုရားတစ်ဆူတစ်ဆူမှာ ကျုပ်တို့သည်ကားဆိုလို့ရှိရင်ဖြင့် ... နည်းနည်းနောနော ပါသွားတာမဟုတ်ဘူး

(၂၄) သချ်ျိုး၊ ကုဋ္ဌေရှစ်ဆယ်၊ ဗိုလ်ခြေတစ်သိန်းတောင်ပါသွားတာ၊ ကျုပ်တို့ ကျန်နေရစ်တော့ ဒီအနတ္တတစ်လုံးနဲ့ မတတ်နိုင်ဘူးလို့ ယင်နေတာနဲ့ ကျန်နေရစ်တာ (မှန်လှပါဘုရား) . . . သဘောကျပလား . . . (ကျပါပြီဘုရား)။

## အနတ္တပေမယ့်ကယ်နိုင်တဲ့လမ်း

အခုတော့ဖြင့် . . . ဩော် . . . အနတ္တပေမယ့် လည်း အင်း-ဒီဉစ္စာသည်ကားလို့ဆိုလို့ရှိရင် ကယ်နိုင်ယူနိုင်တဲ့ လမ်းရှိပါသေးလားဆိုတာ . . . ဒကာ ဒကာမတွေ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ့်စိတ်ကိုရှုပါ. . . (မှန်လှပါဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)၊ ကိုယ့်စိတ်ဆိုတာက ဘာတုံး . . . ဖြစ်ပျက် . . . (မှန်လှပါဘုရား) . . . ကိုယ်ရှုပါဆိုတာက (မဂ်ပါဘုရား) . . . ကိုယ့်စိတ်ဆိုတာက (ဖြစ်ပျက်ပါဘုရား) ဖြစ်ပျက်ကိုရှုပါဆိုတာက (မဂ်ပါဘုရား)။

## သိတဲ့တွေးလုံးကမဂ္ဂင်

အဲတော့ - ကိုယ့်စိတ်ကလေး . . . ခုနက စားချင်တဲ့စိတ် ရှိ-မရှိတွေး . . . အိပ်ချင်တဲ့စိတ်ကလေးပေါ်ရင်လည်း ရှိ-မရှိ နောက်ကတွေးလုံးကို . . . မထစ်စေနဲ့ မြန်မြန်တွေး

(မှန်လှပါဘုရား) . . . ဟုတ်လား (ဟုတ်ပါတယ်ဘုရား) . . . စကားပြောပြီးတဲ့ စိတ်ကလေးရှိတယ်၊ ပြောချင်တဲ့စိတ်ကလေး ရှိတယ်၊ ပြောပြီးလို့ရှိရင်လည်း ခုနကပြောချင်တဲ့စိတ်ကလေး ရှိ-မရှိ မြန်မြန်တွေး . . . (မှန်လှပါဘုရား) တွေးလိုက်ရင်ဖြင့် ခုနက ပြောချင်တဲ့စိတ်က ပျက်သွားတာပဲ . . . (မှန်လှပါ ဘုရား)။

## အမေ့ကိုကယ်နိုင်တဲ့နည်းလမ်း

အင်း. . . တွေးလုံးသည်ကားဆိုလို့ရှိရင်ဖြင့် မရှိဘူးလို့ သိတဲ့တွေးလုံးဟာ မဂ္ဂင်ကဖြစ်တာ . . . (မှန်လှပါဘုရား) မဖြစ်သင့်ဘူးလား . . . (ဖြစ်သင့်ပါတယ်ဘုရား) . . . ဒီလိုဆို တော့ သားသမီးက အမေ့ကိုကယ်နိုင်တဲ့လမ်း. . .၊ အမေက ကော (သားသမီးကို ကယ်နိုင်တဲ့လမ်းပါဘုရား)၊ သားသမီး ကယ်နိုင်တဲ့လမ်းတွေကောင်းကောင်းကြီး အထမမြောက်ဘူး လား . . . (မြောက်ပါတယ်ဘုရား) . . . ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ကိုင်း ယနေ့ ဒီတွင်တော်ကြစို့။

သာဓု . . . သာဓု . . . သာဓု . . .။